# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အဆင့် ၆ နေရာရရှိ

## တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၀


အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး


*စာမျက်နှာ ၃ ကော်လံ ၁* ❐




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင်ရွှေတံဆိပ် ၁ ခု၊ အသင်းလိုက် မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုနှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား အရာခံဗိုလ် ကျော်ကျော်ဝင်း အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

## မြန်မာ့အလင်း

# တံစိုးလက်ဆောင်နှင့် အဂတိရှောင်ရှား

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ အထိုက်အလျောက်အောင်မြင်မှုရရှိလာကြောင်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကိန်းဂဏန်းများ မြင့်တက်လာမှုအရ သိရှိရသည်။ တရားမဝင်ကုန်သွယ်မှုများသည် အခွန်မပေးဆောင်လိုခြင်း၊ တားမြစ်ကုန်၊ ကန့်သတ်ကုန်များကို တင်သွင်းတင်ပို့လိုခြင်းတို့ကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ကျပ်သန်းထောင်ပေါင်းများစွာနှင့်ချီ၍ တရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းရမိမှုကို ဆန်းစစ်ခြင်းအားဖြင့် တရားမဝင်ကုန်သွယ်မှုများ၏ ပမာဏမည်မျှကြီးမားသည်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုပမာဏ ကြီးကြီးမားမားရှိနေခြင်းသည် နိုင်ငံတော်၏ စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အပေါ် သက်ရောက်မှုရှိသကဲ့သို့ နိုင်ငံအတွင်းတည်ရှိနေသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်နစ်နာစေသည်။ ထို့အပြင် အရည်အသွေးအာမခံချက်မရှိသော ကုန်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များ၊ ဆေးဝါးနှင့်အဖျော်ယမကာအတုများစသည်တို့ ပြည်တွင်း ဈေးကွက်အတွင်းသို့ရောက်ရှိလာပြီး ဝယ်ယူသုံးစွဲသူ၊ စားသောက်သူ ပြည်သူလူထုကို အန္တရာယ်ကျရောက်စေနိုင်သည်။

တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတော်အတွက် အခွန်ဝင်ငွေကို နစ်နာစေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို ထိခိုက်စေခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသကဲ့သို့ တရားဝင်ကုန်သွယ်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ တရားမဝင်ကုန်သွယ်မှုကို ပပျောက်သွားသည်အထိ တိုက်ဖျက်ခြင်း၊ လျော့ကျသွားအောင် ထိထိရောက်ရောက် ထိန်းချုပ်ခြင်းတို့ မပြုလုပ်နိုင်ပါက တရားဝင်ကုန်သွယ်မှုများကပါ ရေရှည်တွင် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းဆီသို့ ရောက်ရှိသွားမည်ဖြစ်သည်။

"မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်အောင် မည်သည့်အစီအမံများ ချမှတ်လုပ်ကိုင်သည်ဖြစ်စေ၊ မည်သို့သော လမ်းကြောင်းမှန်ပေါ် တည့်မတ်စေသည်ဖြစ်စေ မြေပြင်တွင် လက်တွေ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို အဂတိတရားလွှမ်းမိုးထားပါက ရည်မှန်းချက်များ အောင်မြင်ရန် ခဲယဉ်းနေဦးမည်ဖြစ်ကြောင်း၊ ငွေကြေးတံစိုးလက်ဆောင်ကြောင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်မှုမရှိသည့် ဝန်ထမ်းများရှိနေလျှင် အခွန်မဆောင်သည့်၊ အရည်အသွေးအာမခံချက်မရှိသည့် ကုန်စည်များသည် ပြည်တွင်းသို့ အချိန်တိုအတွင်း တိုက်ရိုက်ဝင်ရောက်လာမည်ဖြစ်ကြောင်း"တရားမဝင်ကုန်သွယ်မှု ဦးဆောင်ကော်မတီအစည်းအဝေး(၄/၂၀၂၂) တွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ အဂတိတရားကြောင့် နိုင်ငံနှင့် ပြည်သူနစ်နာမှုမရှိစေရန် သတိပြုရှောင်ရှားကြဖို့လိုသည်။

တရားမဝင်ကုန်ပစ္စည်းများ နိုင်ငံအတွင်း ဝင်ရောက်မလာရေးအတွက် ဘက်ပေါင်းစုံမှ တားဆီးလျက်ရှိကြသည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများတွင် မပါဝင် မပတ်သက်မိကြစေရေး၊ အဂတိတရားတို့ ကင်းရှင်းစွာဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရေးအတွက် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အားကောင်းသော မုန်တိုင်းငယ်ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့မွန်းလွဲ ၁နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဂျက်ခန်းပြည်နယ်တောင်းပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ဂျက်ခန်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို ဖြတ်ကျော်ပြီး နောက် ၂၄ နာရီအတွင်း မဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းသို့ ရောက်ရှိကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**




## မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁)ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO(စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၆-၉-၂၀၂၂ ရက်နေ့မှ ၇-၁၀-၂၀၂၂ ရက်နေ့အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်၌ မြို့နယ်ချင်းဆက်လမ်းနှင့် မြို့တွင်းရှိ မြို့ဝင်မြို့ထွက်လမ်းများအား တိုးချဲ့ကွန်ကရစ်လမ်းခင်း

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် အများပြည်သူလမ်းပန်း ဆက်သွယ်ကောင်းမွန်ရေးအတွက် မြို့နယ်ချင်းဆက်လမ်းမကြီး၊ မြို့တွင်းရှိ မြို့ဝင်၊ မြို့ထွက်လမ်းမများကို ယာဉ်သွားလမ်းအကျယ် တိုးချဲ့ခင်းကျင်းခြင်းနှင့် ရပ်ကွက်များအတွင်းရှိ လမ်းဟောင်းများ ပြုပြင်၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ကွန်ကရစ်လမ်းများ ခင်းရာတွင် ရွှေပြည်သာမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ ပုလဲလမ်းမသည် ယာဉ်သွားလမ်းကျဉ်းပြီး ယာဉ်ကြောကျပ်တည်း ပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ် ဖြစ်ပွားမှုများကြောင့် မူလကွန်ကရစ်လမ်းအကျယ် ၂၄ ပေရှိ နှစ် လမ်းသွားလမ်းမကို လေးလမ်းသွားအကျယ်အဖြစ် တိုးချဲ့ပြီး လမ်းအရှည် ၁၃၂၉ ပေ တိုးချဲ့၍ လမ်းအကျယ် ၀ဲ/ယာ ၁၂ ပေစီကို အောက်အမာခံကြိမ်းခင်း ကွန်ကရစ်ထုခြောက်လက်မနှင့် လမ်းသားထု ၁၁ လက်မ ပေါင်း ၁၇ လက်မဖြင့် ရွှေပြည်သာမြို့နယ် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ လမ်းခင်းလုပ်သား၊ စက်ယန္တရားများဖြင့် တိုးချဲ့၍ ယာဉ်လေးလမ်းသွား ကွန်ကရစ်လမ်းခင်းခြင်းမှာ ဩဂုတ် ၁၉ ရက်က ရာနှုန်းပြည့် ပြီးစီးနေပြီးဖြစ်ကာ မကြာမီ ယာဉ်များ လမ်းအသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်**
**(ရွှေပြည်သာ)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❒ *ရွှေဖုံးမှ*

ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာ အဘိဓာန်များက **"ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှု ပုံစံအားလုံးကို အားကစား"** ဟု သတ်မှတ်သကဲ့သို့ **"အင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုအားလုံးကိုလည်း အားကစား"** ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း။

**◆ နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများအား ယခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်**

**◆ ယခုပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည်**

**လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စား**

အားကစား၏ အဓိက ရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါအားကစားတွင် တစ်ဦးချင်းယှဉ်ပြိုင်ရသောပြိုင်ပွဲမှ လူပေါင်းရာထောင်ချီပါဝင်သောပြိုင်ပွဲများ၊ ကျေးလက်အဆင့် ပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေပြီး အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စားလာနေကြပြီ ဖြစ်ပါကြောင်း။

အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်သဖြင့် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်၏အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများမှ နိုင်ငံ့ကိုယ်စားပြုယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသော အဓိက လုပ်ငန်းတစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

ယခင်က အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (SEAP Games) မှသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games)၊ အာရှအားကစားပြိုင်ပွဲ (ASIAN Games)၊ အိုလံပစ်အားကစားပြိုင်ပွဲ (Olympic Games) များကိုသာ ကျင်းပခဲ့ကြပါကြောင်း။

**အခွင့်အရေးများကို ပိုမိုအလေးထား**

သို့သော် ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေရသည့်အတွက် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် သေဆုံးသူ တစ်ဦးရှိတိုင်း ငါးဦးခန့် ထိခိုက်ဒဏ်ရာရရှိလျက်ရှိသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါမပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်း ရှိနေပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်မှု ရာခိုင်နှုန်းသည်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်သည့် စာရင်းများအရ သိရှိရပါကြောင်း၊ လူဦးရေသန်းပေါင်း ၁၀၀၀ ကျော်ခန့် ပမာဏရှိသော မသန်စွမ်းသူအရေအတွက်သည်လည်း အထူးဂရုပြုရမည့် ပမာဏဖြစ်လာသည့်အတွက် မသန်စွမ်းသူများ၏အရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုအလေးထားရန် လိုအပ်လာပါကြောင်း။

**အားပေးမြှင့်တင်ပေးလျက်ရှိ**

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းရန်၊ စိတ်ခွန်အားကြံ့ခိုင်ရန်လည်း လိုအပ်လာပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ခွန်အား မြင့်မားစေရန်နှင့် ဝါသနာပါရာ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်စေနိုင်ရေးအတွက် မသန်စွမ်းသူများ၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကိုရော စိတ်ခွန်အားကိုပါ မြင့်မားလာစေရန် မိမိတို့ဝါသနာပါရာ အားကစားနည်းများ လုပ်ဆောင်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကွင်းဆင်းဆောင်ရွက်ခဲ့သော မသန်စွမ်းမှုလေးမျိုး အခြေခံစစ်တမ်းအရ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်သော ၂ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ဘဝ စိုပြည်လှပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးများရရှိရေးကို ရှေးရှုသည့် အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်း အားကစားသမားများ အားကစားလေ့ကျင့်နိုင်ရန် ရည်ရွယ်၍ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းကိုလည်း တည်ဆောက်ပံ့ပိုးပေးကာ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိပါကြောင်း။

**လက်ခံဆောင်ရွက်ပေးကြရမည်**

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏အရေးသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အထူးအာရုံစိုက် အလေးထားရသည့် အရေးကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ယခင်အချိန်အခါများက မသန်စွမ်းသူများအပေါ် ထားရှိခဲ့သည့် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများ စသည့် မသင့်လျော်သည့် ခံယူချက်၊ အယူအဆဟောင်းများကို ဖယ်ခွာပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရား ၄ ပါးကို လက်ကိုင်ထားကြသည့် မြန်မာလူမျိုးများဖြစ်သည့်အလျောက် မိမိတို့လူ့အဖွဲ့အစည်း၏ တစ်စိတ်တစ်ပိုင်း အသိုက်အဝန်းတစ်ခုတည်းဖြစ်သည့် မသန်စွမ်းသူများနှင့် ပတ်သက်သော အရေးကိစ္စများကို မိမိတို့ တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့်ကိစ္စရပ်၊ မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရမည်လည်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ဒေသတွင်းချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF) ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်၍ ၂ နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားဦးရေ အနည်းငယ်သာ ဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစား အမျိုးအစားတိုင်းတွင် ဆုတံဆိပ်များ များစွာဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို မှတ်တမ်းမှတ်ရာများက သက်သေခံလျက်ရှိနေပါကြောင်း။

**အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရ**

မသန်စွမ်းသူများ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းများကို ပြန်လည်ကြည့်ရှုသည့်အခါ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၃၁ ဦးရှိပြီး ရွှေ ၄၃ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၇၇ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၃၊ ၂၀၀၃ ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၆ ဦးရှိပြီး ရွှေတံဆိပ် ၂၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၄၇ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၄၊ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် တတိယအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၂ ဦးရှိပြီး ရွှေတံဆိပ် ၂၉ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၄၆ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၅၊ ၂၀၀၈ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသော စတုတ္ထအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၅ ဦးရှိပြီး ရွှေတံဆိပ် ၁၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၅၁ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၀၉ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့်ပဉ္စမအကြိမ်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၅ ဦးရှိပြီး ရွှေတံဆိပ် ၁၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း အခု ၄၀ နှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၆၊ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၃၆ ဦးရှိပြီး ရွှေတံဆိပ် ၁၁ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၃၄ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၂၁၅ ဦးရှိပြီး ရွှေတံဆိပ် ၃၄ ခု အပါအဝင် ဆုတံဆိပ် ၉၆ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၅၊ ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၀၂ ဦးရှိပြီး ရွှေတံဆိပ် ၁၆ ခု အပါအဝင် ဆုတံဆိပ် ၆၂ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၆၊ ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၂၀ ရှိပြီး ရွှေတံဆိပ် ၁၁ ခု အပါအဝင် ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၆ စသည်ဖြင့် အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၀) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါ မှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများ ဖြစ်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အလေးမအားကစားနည်းမှ ၈၆ ကီလိုတန်းပြိုင်ပွဲနှင့် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်မှုတွင် ငွေတံဆိပ် ၂ ခု ရရှိခဲ့သည့် အားကစားသမား မငြိမ်းစန္ဒာအောင် အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

**၁၁ နိုင်ငံအနက် အဆင့် ၆ နေရာရရှိ**

ပြီးခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၇ နည်း၊ အားကစားသမား ၆၉ ဦး၊ ဖိတ်ကြားခံ၊ အုပ်ချုပ်သူ/ နည်းပြ ၄၀၊ ဒိုင်လူကြီး ၄ ဦး အပါအဝင် စုစုပေါင်း ၁၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိပြီးပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၆ နေရာရရှိခဲ့ပါကြောင်း။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၇ နည်းအနက် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ၁၄ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ အားကစားနည်းမှ ငွေတံဆိပ် ၁၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်၊ ဘောလုံးအားကစားနည်းများမှ ကြေးတံဆိပ် ၁၇ ခု ရရှိခဲ့ပါကြောင်း။

**အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြ**

ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများအား ယခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ခွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင်ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ထို့ပြင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် မသန်စွမ်းသူအားကစားသမားများ အားလုံးကလည်း အားကစား စည်းမျဉ်း၊ စည်းကမ်း ဥပဒေဘောင်များ အတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နှင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်းလည်း ထပ်လောင်း ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသောအားဖြင့် ပြိုင်ပွဲမသွားမီ ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးကို ငွေကျပ် ၂ သိန်းစီနှင့် အမေရိကန် ဒေါ်လာ ၂၀၀ နှုန်း၊ အုပ်ချုပ်/နည်းပြတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းစီ ချီးမြှင့်ထောက်ပံ့ပေးခဲ့သကဲ့သို့ ပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက်ယှဉ်ပြိုင်ပြီး တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို အမေရိကန်ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ် ရရှိခဲ့ကြသူများကို အမေရိကန် ဒေါ်လာ ၇၀၀၊ ကြေးတံဆိပ် ရရှိခဲ့ကြသူများကို အမေရိကန် ဒေါ်လာ ၅၀၀၊ အသင်းလိုက် ငွေတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းနှင့် အသင်းလိုက် ကြေးတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်း ချီးမြှင့်ပေးခဲ့ပါကြောင်း။

**စိတ်ဓာတ်ခွန်အားဖြစ်စေ**

အလားတူ ယခုဂုဏ်ပြုပွဲတွင်လည်း ပြိုင်ပွဲမသွားမီ ကြိုတင်အသိပေး ကြေညာထားသည့်အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ် ရရှိသူများကို ငွေကျပ် သိန်း ၁၀၀ စီကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းစီကိုလည်းကောင်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကို မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့အောင် စွမ်းဆောင်နိုင်ခဲ့သူ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီကိုလည်းကောင်း၊ အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိခဲ့ပါက အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၁၀၀၆၀ ကိုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းအတွက် သက်ဆိုင်သူများအားလုံးအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီပေးသော လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ်တုံ့ပြန်သည့်အနေဖြင့် ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန်၊ အထူးသဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် ဆုတံဆိပ်သာမက နိုင်ငံအလိုက် အဆင့်ပါ အောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း ဆက်လက်အားထုတ် ကြိုးပမ်းသွားကြပါဟု အလေးအနက်ထား တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ပြေးခုန်ပစ် အားကစားနည်းမှ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခုနှင့် အသင်းလိုက်မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ် စိုးပေ ကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခုနှင့် လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား မထက်ထက်အေးကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၂၀၀ အလွတ်ကူးနှင့် မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခုနှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်မြင့်မြတ်ကိုလည်းကောင်း၊ ပြေးခုန်ပစ် အားကစားနည်းမှ သံလုံးပစ်နှင့် သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်ဘုန်းမြတ် ကိုလည်းကောင်း၊ ပြေးခုန်ပစ် အားကစားနည်းမှ မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ အသင်းလိုက် မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုနှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား အရာခံဗိုလ် ကျော်ကျော်ဝင်းကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ် ဇော်မင်းလွင်ကိုလည်းကောင်း၊ ရေကူး အားကစားနည်းမှ မီတာ ၁၀၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲနှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုနှင့် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် အားကစားသမား မောင်အောင်ဖုန်းကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုနှင့် မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား မောင်ကျော်ထူး ကိုလည်းကောင်း၊ ပြေးခုန်ပစ် အားကစားနည်းမှ လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုနှင့် သံလုံးပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခုရရှိခဲ့သည့် အားကစားသမား တပ်ကြပ်တင်ညိုကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား မောင်နန္ဒာစိုးမင်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် ၂ ခု ရရှိခဲ့သည့် အားကစားသမား မလော်လာဝင်း ကိုလည်းကောင်း၊ အလေးမ အားကစားနည်းမှ ၈၆ ကီလိုတန်းပြိုင်ပွဲနှင့် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်မှုတွင် ငွေတံဆိပ် ၂ ခု ရရှိခဲ့သည့် အားကစားသမား မငြိမ်းစန္ဒာအောင်ကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု၊ လှံတံပစ်နှင့် သံပြားပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် ၂ ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ် အောင်ထွန်းလင်းကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ လှံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုနှင့် အမြင့်ခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် ဒုတပ်ကြပ် စိုးသန်းကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုနှင့် မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား မနန္ဒာလင်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့က ငွေတံဆိပ်၊ ကြေးတံဆိပ်ရရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ် ၂ ခုနှင့်ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ် စိုးပေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ ယခုပြိုင်ပွဲတွင် အောင်မြင်မှုများ ဆွတ်ခူးနိုင်စေရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူ/ နည်းပြများ၏ သွန်သင်ဆုံးမမှုများဖြင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါရလဒ်များကြောင့် အခြားသောနိုင်ငံများမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့်အတူ ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်အသင်းများကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဆုရရှိသည့် အားကစားသမားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နောင်နှစ်များတွင် ကျင်းပမည့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် မိမိတို့၏မသန်စွမ်းများသည် **“မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်နိုင်မှုသာ အဓိက”** ဆိုသည့် အချက်ကို သက်သေပြရင်း နိုင်ငံ့ကိုယ်စားပြုပြီး ယခုထက် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသည် ဓလေ့ထုံးတမ်းအစဉ်အလာအရ ထိန်းသိမ်းလာခဲ့ကြသည့်ပွဲဖြစ်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) ခန်းမ၌ ကျင်းပရာ (ယာပုံ) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။




ပထမဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က မင်္ဂလာဖားစည် ကိုးချက်တီးပြီး ကရင်တိုင်းရင်းသားများက ကျွဲချိုတစ်ပြိုင်တည်းမှုတ်ကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကရင်ဒုံးယိမ်းအကဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ယနေ့ကျင်းပသည့် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသားများ အလေးအနက်ထားသည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ ထိန်းသိမ်းလာခဲ့ကြသည့် ပွဲဖြစ်ကြောင်း၊ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသည် ကွဲကွာနေကြသည့် ဆွေမျိုးများ၊ မိသားစုများ ပြည်လည်ဆုံတွေ့ကြရန်၊ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ကြရန်၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဝတ်စားဆင်ယင်မှုများ မပျောက်ကွယ်စေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့် ပွဲဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရာတွင် မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် ဆက်လက်အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအချိန်အခါသည် မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေး ရည်မှန်းလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အပြန်အလှန် ယုံကြည်မှု၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရမည့် အချိန်ကာလလည်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ မန်းသန်းဝင်းဦးက ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်သည့် စာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ ကျင်းပရေးကော်မတီထံ ထောက်ပံ့ငွေများ ပေးအပ်ပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဧည့်သည်များက ရိုးရာယဉ်ကျေးမှုအကအဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ကရင်အဘိုးအဘွားများက ဧည့်သည်တော်များ၊ လူငယ်မောင်မယ်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ချည်ဖြူ ဖွဲ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်စွမ်းရှိစေရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အလေးအနက်ထား ဆောင်ရွက်ကြစေလို

ပဲခူး ဩဂုတ် ၂၀

**တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၁/ ၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတုဆိုးရွားလာပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး အင်အားပြင်းထန်သော သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို များစွာ အဟန့်အတားဖြစ်စေကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် စစ်ကိုင်း ပြတ်ရွေ့ကြောပေါ်တွင် ရှိနေခြင်းကြောင့် ငလျင်ဘေး စိန်ခေါ်မှုကို ခံနေရသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်များကို မဖြစ်အောင်တားဆီး၍မရသော်လည်း ဘေးဒဏ်ကို တုံ့ပြန်နိုင်စွမ်းရှိစေရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို တိုင်းဒေသကြီး အတွင်းဖွဲ့စည်းထားသည့်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအလိုက် ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များအပေါ် အလေးအနက်ထား ဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများက သဘာဝ ဘေးအန္တရာယ် ဖြစ်စဉ်များနှင့် ပတ်သက်သည့် Video Clip ကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများ၊ ရာသီဥတုပြောင်းလဲခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအယူအဆနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစက်ဝန်း၊ မြန်မာနိုင်ငံ သဘာဝ ဘေးအန္တရာယ်များ အကြောင်း၊ ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး နည်းလမ်းများ၊ ကြိုတင်သတိပေးချက်စနစ်ကို ဖြန့်ဝေလာခြင်း၊ အသိပညာပေးခြင်း၊ ရပ်ရွာလူထုအခြေခံသော ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ အရေးပေါ် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စသည်တို့ကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားဆွေးနွေး ပို့ချမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာနများမှ သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

---

# စိုက်ပျိုးရေးသိပ္ပံ ပျဉ်းမနားကျောင်းမှ ကျောင်းသား ကျောင်းသူများ ရေဆင်းငါးလုပ်ငန်းစခန်းသို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးသိပ္ပံ ပျဉ်းမနားကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီနှင့် အုပ်ချုပ်သူဆရာ ဆရာများ၊ ပထမနှစ်ဝက်(အကြီးတန်း)ကျောင်းသား ကျောင်းသူ ၇၁ ဦးတို့သည် ဩဂုတ် ၂၀ ရက်က ရေဆင်းငါးလုပ်ငန်းစခန်းသို့ သွားရောက်ပြီး ငါးလုပ်ငန်းစခန်းတွင် ဆောင်ရွက်နေသည့် ငါးဆေးထိုးသားဖောက်ခြင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP)စနစ်ဖြင့် မွေးမြူထားသော ငါးကန်များအားကြည့်ရှုလေ့လာခြင်းနှင့်မျိုးငါးများ ပြုစုထားရှိခြင်းတို့ကို သွားရောက်လေ့လာသည်။

စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ဆရာမကြီးနှင့်အဖွဲ့အား နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့် ခရိုင်မှူး၊ ငါးလုပ်ငန်းစခန်းတာဝန်ခံတို့က ကြိုဆိုပြီး ကျောင်းသား ကျောင်းသူများအား ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ အစားအစာဘေးအန္တရာယ်ကင်းစင်ရေးအတွက် GAqP စနစ်ဖြင့် ငါးမွေးမြူရေးအကောင်အထည်ဖော်ဆောင်နေမှုများ၊ ရေဆင်းငါးလုပ်ငန်းစခန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တိုင်းဦးစီးမှူးက ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများအား ရေဆင်းစခန်းတာဝန်ခံ ဦးအောင်သူက GAqP စနစ်ဖြင့် ငါးမွေးမြူရေးဆောင်ရွက်ရာတွင် လိုက်နာရမည့် အခြေခံမူ ၄ ရပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငါးဆေးထိုးသားဖောက်ခြင်းနှင့် ပတ်သက်၍ လက်တွေ့ပြသကာ ကျောင်းသား ကျောင်းသူနှင့် ဆရာမများက လက်တွေ့ငါးဆေးထိုးခဲ့သည်။ ဆက်လက်ပြီး မျိုးငါးများ ပြုစုထားရှိမှုအားကြည့်ရှုကာ ငါးကန်ရေအရည်အသွေးတိုင်းတာမှုနှင့် ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်မှ ရှင်းလင်းပြောကြားပြီး လက်တွေ့တိုင်းတာစစ်ဆေးခဲ့သည်။

စိုက်ပျိုးရေးဒီပလိုမာ ကျောင်းသား ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းသဘာဝများကိုလေ့လာသိရှိရန်၊ စာတွေ့နှင့် လက်တွေ့ နှိုင်းယှဉ်သိရှိနိုင်စေရန်နှင့် ဒေသန္တရဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး ကျောင်းသား ကျောင်းသူများအား ယခုကဲ့သို့ သွားရောက်လေ့လာစေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**ဘားအံ ဩဂုတ် ၂၀**

(၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို) အဆင့်တွင် အောင်မြင်စွာ သွားရောက်ယှဉ်ပြိုင်နိုင်ရေး ကရင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးနာယက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အဆင့် ပြိုင်ပွဲကို ကျင်းပ၍ ရွေးချယ်ခံရသူများအနေဖြင့် ဗဟိုအဆင့်တွင် အနုပညာအရည်အသွေးပြောင်မြောက်စွာ ယှဉ်ပြိုင်အနိုင်ရရှိရေး ပညာရှင်များ၊ နည်းပြများဖြင့် စခန်းသွင်း အနီးကပ်လေ့ကျင့်သင်ကြားပေးရန်လိုမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ယခင်က ထက်ပိုမိုသည့် အောင်မြင်မှုများ ရရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများက တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှလည်း လုပ်ငန်းတာဝန်များကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပရေးနှင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် အရည်အချင်းပြည့်မီစွာ သွားရောက်ယှဉ်ပြိုင် အောင်မြင်မှုရရှိနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြကာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (16th ASEAN Navy Chiefs' Metting– 16th ANCM) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) သတင်းစဉ်**

# အခြေခံပညာကျောင်းများ စုပေါင်းလုပ်အားပေး ဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် အနော်ရထာလမ်း အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် မြက်ပင်ချုံနွယ်များ၊ သစ်ပင်အောက်တက်များနှင့် အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းအုတ်နံရံ တွယ်ကပ်ပင်များ ရှင်းလင်းရန်၊ ဘတ်စကက်ဘောကွင်းကို ပြန်လည်ပြုပြင်ရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုဇွန်တောင်မြို့နယ် (၇) ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေးအနီး ဆားလင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ခေမာသွယ်လမ်း အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းသို့လည်းကောင်း၊ သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် အောင်ဇေယျလမ်း အမှတ် (၁၅) အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း သွားရောက်၍ ရေမြောင်းများ အတွင်း အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့် အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်း တို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မတည်မြဲသောအလှတရား

❖ သည်နေ့မနက်၊ အရုဏ်တက်မှာ
သီကာသွယ်တန်း၊ စံပယ်ပန်းကုံး
လှယဉ်ဆုံးကို၊ ယူသုံးလိုကြ
အလှလည်းဆင်၊ ဘုရားတင်လို့
လန်းရွှင်စိတ်မှာ၊ ကြည်နူးပါ၏။

❖ နေ့လယ်ရောက်တော့၊သွေ့ခြောက်စပြု
ဖြူနုရောင်သွေး၊ ညိုရောင်ပြေးလို့
လှရေးမကြွယ်၊ ရင်ဝယ်မငြိ
ကြည်နူးသည့်စိတ်၊ ခုဖြင့်ဆိတ်ပြီ။

❖ နေညိုချိန်ပြောင်း၊ အခါနှောင်းတော့
ခေါင်းထက်ဆီက၊ စံပယ်လွလည်း
အလှကွယ်ဘိ၊ သွေ့ခြောက်ရှိပြီ
သူ၏အသွင်၊ ညှိုးသည့်အင်ကြောင့်
ဂုဏ်တင်မဝင့်၊ ကျဆုံးလင့်သော်
မှန်းချင့်သိရာ၊ အနိစ္စာနှင့်
သင်္ခါရ-ဟု၊ ဖြစ်ပျက်စုလျှင်
ရှုမြင်စေသော၊ သူ့သဘောကို
စောကြောတတ်စေ၊ ယူတတ်စေတည့်
ညှိုးခွေခြောက်နွမ်း စံပယ်ပန်း...။
တရားဟူသည် လက်တစ်ကမ်း...။

**ဘိုမျိုး(ရွှေဘို)**

# ဒုတိယဝန်ကြီး ဦးရဲတင့် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ နေထိုင်သော အိမ်ရာများနှင့် အဆောင်များကို သွားရောက်၍ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇဗ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် အိမ်ရာများ၊ လူပျိုနှင့် အပျိုဆောင်များကို သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊ ရေနှင့် လျှပ်စစ်သုံးစွဲမှု၊ သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှု၊ အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်မှု၊ ခြင်နှင့် ပတ်သက်သော ရောဂါများမှ ကာကွယ်နိုင်ရန် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားမှုနှင့် အိမ်ရာနှင့် အဆောင်ပတ်ဝန်းကျင် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် နေထိုင်ရေးဆိုင်ရာ အခက်အခဲများကို မေးမြန်းပြီး အိမ်ရာစည်းကမ်းများကို လိုက်နာရန်၊ လုံခြုံရေးသတိထားရှိရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

## စဉ့်ကူးမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်

**စဉ့်ကူး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်၍ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။



ရှေးဦးစွာ စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က တောင်အင်းကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရပ်/ကျေးပြည်သူ့လုံခြုံရေးအဖွဲ့များနှင့် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ ပြောကြားခြင်းနှင့် ဗိုလ်မှူး သော်တာထွန်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉)ရပ်တို့အား အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်သူ့စစ်နှင့် ပြည်သူ့လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ဌာနအလိုက် ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံများကိုယ်စား ပြည်သူတစ်ဦးက ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အကြံပြုချက်များ တင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆောင်ရွက်ပေးကြသည်။

**တင်ဇာလွင်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

ရလဒ်ပိုင်းမတည်ငြိမ်သေးသော်လည်း နောက်ကျဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်း၏ နိုင်ပွဲဆက်မှုကို ရပ်တန့်ခဲ့သည်။

ဟံသာဝတီအသင်းသည် ရဲရင့်အောင်၊ မျိုးဇော်ဦး၊ ရွှေလှိုင်ဝင်း၊ လားဒင်မောရ၊ ကိုကိုနိုင်(ဂိုး)တို့ဖြင့် လူစုံနီးပါးပါဝင်ခဲ့သလို ရှမ်းယူနိုက်တက်အသင်းကလည်း နိုင်ငံခြားသားကစားသမား နှစ်ဦးအပါအဝင် လူစုံအသုံးပြုခဲ့သလို အသစ်ခေါ်ယူထားသည့် စည်သူအောင်နှင့် မြတ်ကောင်းခန့်တို့ကိုလည်း လူစားလဲအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက ဂိုးရရန်ကြိုးပမ်းခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဟံသာဝတီအသင်းက ဂိုးစတင်ရရှိခဲ့သည်။ ဟံသာဝတီအသင်း ဦးဆောင်ဂိုးကို ၄၅ မိနစ်တွင် မျိုးဇော်ဦးက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့သည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းအစတွင် ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၄၇ မိနစ်တွင် ညာနောက်ခံလူကျော်ဇင်လွင်က ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်သွင်းသဖြင့် ရှမ်းယူနိုက်တက်အသင်း ပိုဖိကစားလာနိုင်ပြီး ၅၃ မိနစ်တွင် မတ်ခ်ဆာကီက ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသလို ရှမ်းယူနိုက်တက်အသင်းကလည်း အနိုင်ရလဒ်ကို ထိန်းကစားနိုင်ရန် ကြိုးပမ်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ နိုင်ပွဲဆက်မှတ်တမ်းမှာ ၈၈ မိနစ်တွင် ကျိုးပျက်ခဲ့ပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးကို အောင်မျိုးသူရက သွင်းယူခဲ့သည်။ ပထမအကျော့ ကိုးပွဲစီကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်၊ ဟံသာဝတီအသင်းက ၁၁ မှတ် ရရှိထားသည်။ ပွဲစဉ်(၉) ဒုတိယနေ့ကို ဩဂုတ် ၂၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရောဝတီအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသများရှိ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်



နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသများရှိ ဒေသခံ တိုင်းရင်းသားများအား "ပန်းခင်း" စီမံချက် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မိုင်းလားမြို့နှင့် နမ့်ပန်းဒေသရှိ သက်ဆိုင်ရာခန်းမ အသီးသီး၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်အတူ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိုင်းလားဒေသမှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဒေသခံတိုင်းရင်းသားများအား"ပန်းခင်း'' စီမံချက် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများကို နိုင်ငံသားစိစစ်ရေးကတ်များ အသီးသီးပေးအပ်ကြပြီး (ဓာတ်ပုံ) နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်း ပြောကြားကာ ဒေသခံ တိုင်းရင်းသားများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသများရှိ ဒေသခံတိုင်းရင်းသား ၂၉၂၁၀ နှင့် အိမ်ထောင်စု ၈၉၈၉ စု ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်း

နေပြည်တော် ဩဂုတ် ၂၀

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်တို့မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် သူရိန်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ ဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော အောင်မြေသာစံမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် တမူးမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော



PDF အဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ ဂုဏ်ပြုစားပွဲသုံးဆောင်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် အလှူရှင်များက ယနေ့နံနက် ၁၁ နာရီခွဲက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းသို့ သွားရောက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ သင်တန်းသား သင်တန်းသူများ၊ BSc(Sport)



ကျောင်းသား ကျောင်းသူများနှင့် ISPE FC ဘောလုံးအသင်းမှ အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုနေ့လယ်စာ စားပွဲများ ပြုလုပ်ပေးကာ ကျောင်းအုပ်ကြီး၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများနှင့် အတူတကွ သုံးဆောင်သည်။ (ဓာတ်ပုံ)

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်က အမှာစကားပြောကြားပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်၍ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **အာကာလင်း**

## အပြည်ပြည်ဆိုင်ရာ အွန်လိုင်း တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲ အားကစားသမားများအား ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် (နည်းစနစ်ကော်မတီ) က ကြီးမှူးကျင်းပခဲ့သော ပထမ အကြိမ် အပြည်ပြည်ဆိုင်ရာ အွန်လိုင်း တိုက်ကွမ်ဒိုချန်ပီယံရှစ် (1st Myanmar Open International Online Taekwondo Championship – 2022) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလပ်အသင်း အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ဆုရ အားကစားသမားများအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံတိုက်ကွမ်ဒို အဖွဲ့ချုပ်လေ့ကျင့်ရေးရုံး၌ ဩဂုတ် ၁၉ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ကလပ်အသင်းများမှ ရွှေ၊ ငွေ၊ ကြေးဆုရရှိခဲ့ကြသည့် အားကစားသမားများအား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျောဂမ်ဖန်၊ တွဲဖက်အတွင်းရေးမှူး ဦးမြသိန်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းဦးနှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

"ဒီပြိုင်ပွဲကို Video conferencing နဲ့ ကျင်းပခဲ့ပါတယ်။ မြန်မာပြည်အနှံ့မှာရှိတဲ့ ကလပ်အသီးသီးကိုလည်း ကြိုတင်ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ပြိုင်ပွဲမှာ ကကွက်၊ အတိုက်၊ အခြေခံကန်ချက်ပြိုင်ပွဲတွေ ကျင်းပခဲ့ပါတယ်။ နိုင်ငံတကာကို ဆုတံဆိပ်တွေ ပေးပို့လိုက်ပါပြီ။ ဆုတံဆိပ် ၃၅၀ ကျော်မှာ မြန်မာက ဆုတံဆိပ် ၂၀၀ ကျော် ရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲနဲ့ စက်တင်ဘာမှာ ကျင်းပမယ့် ပြိုင်ပွဲတွေကနေ လူရွေးချယ်မယ်။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းအတွက် ကစားသမားဖြည့်ပြီး ဆီးဂိမ်းအောင်နိုင်ရေးကို လုပ်သွားမယ်'' ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ က ပြောသည်။

ပြိုင်ပွဲကို ယခုနှစ် မတ်လအတွင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၃၅ နိုင်ငံ၊ အသင်း ၇၈ သင်းမှ အားကစားသမား ၄၀၀ ကျော်က အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အာကာစိုး**

# တဲကြီးကုန်း၊ မဲဒီး၊ ဘစ်အမ်မှသည် ဖောင်းလောင်ဆီသို့ (၂)

မောင်အောင်

**ကျွန်တော်တို့အဖွဲ့ မဲဒီးကျေးရွာ စပါးစိုက်ခင်းသို့ရောက်ရှိသည့်အခါ ၉ နာရီခွဲနေပြီ။ တောင်သူဦးကြီး ၅၀ ခန့် စုရုံးရောက်ရှိနေကြသည်။ ကားများကို ကားလမ်းမကြီးဘေးတွင်ထားခဲ့ပြီး စနစ်ကျလယ်ယာမြေအတွင်းရှိ ကုန်ထုတ်လမ်းမှ မဏ္ဍပ်ကလေးထိုးထားသည့်နေရာသို့ ကျွန်တော်တို့အဖွဲ့လာခဲ့ကြသည်။ မဲဒီးကျေးရွာမှာ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ တည်ရှိသည်။ ပြီးခဲ့သည့် တစ်ပတ်ကလည်း မဲဒီးကျေးရွာစပါးခင်းတစ်ခင်းတွင် ထွန်ထယ်မလိုဘဲ စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းကို လယ်သမားကြီးများအား ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနက လက်တွေ့ပြသခဲ့သည်။ တောင်သူဦးကြီးများ စိတ်ဝင်တစားကြည့်ခဲ့ကြသည်။ လယ်ကွက်အတွင်း ရေမရှိသော်လည်း အခြောက်ကြောင်းဆွဲပြီး မျိုးစေ့ချခြင်းဖြစ်၍ အချိန်ကုန်သက်သာသည်။ ပေါင်းလိုက်ရ အဆင်ပြေမည်။ ကောက်ကွက်ပြည့်၍ အထွက်နှုန်းကောင်းမည်။ ယခုလည်း ကောက်စိုက်စက်ဖြင့် စိုက်ပြမည်ဖြစ်၍ တောင်သူများ စိတ်ဝင်စားနေကြခြင်းဖြစ်သည်။**



ကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြမှုကို ကြည့်ရှုလေ့လာကြစဉ်။

"ဦးကြီးတို့ နေပါဗျ။ ကျွန်တော် အဲဒီကို မလာတော့ဘူး။ ဒီကောက်စိုက်စက်ကို အနီးကပ် ကြည့်ချင်လို့ ဒီမှာပဲနေပ့ါမယ်။"

ကျွန်တော်တို့အဖွဲ့ ရောက်လာသဖြင့် လေးတိုင်စင်မဏ္ဍပ်အတွင်းမှ တောင်သူဦးကြီးများ ထွက်လာ၍ ကျွန်တော်က ဟန့်တားလိုက်ခြင်းဖြစ်သည်။

"တဲကြီးကုန်း မြေသြဇာကြဲပက်ပွဲမှာ တောင်သူမကြီးတွေ မေးခွန်းမေးနေတာ ဖြေနေရလို့ နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ။ နေတောင် နည်းနည်းပူလာပြီ"

"ကျွန်တော်တို့အဖို့ ဒီလောက်နေကလေးက အေးအေးဆေးဆေးပါ။ အဘကိုသာ နေပူမှာ စိုးတာပါ။"

ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ကြည်မှုပင် ဖြစ်ပါသည်။

"ကဲ ဒီစပါးပျိုးပင် ပျိုးထောင်တာတော့ ဦးကြီးတို့ကို ကျွန်တော်တို့ ရှင်းလည်းပြ၊ လက်တွေ့လည်း ပြပြီးသားပါ။ ဒီစိုက်ခင်းရှင် ဦးကြင်စိန်က ဆင်းသုခ စပါးမျိုး စိုက်ချင်တယ် ဆိုတာကြောင့် ဆင်းသုခ စပါးမျိုးပဲ ပျိုးထားတာပါ။ ဒါနဲ့ ဦးလေးကြင်စိန် ပျိုးသက် ဘယ်လောက်ရှိသွားပြီလဲ။"

တိုင်းစိုက်ပျိုးရေးဦးစီးမှူးက စပါးပျိုးဗန်းကိုကိုင်၍ ရှင်းပြရင်း စပါးစိုက်ခင်းပိုင်ရှင် ဦးကြင်စိန်ကို မေးလိုက်ခြင်းဖြစ်သည်။

"အရင်လ ၂၃ ရက်နေ့ကစပြီး ပျိုးတာဆိုတော့ ဒီနေ့ပျိုးသက် ၁၄ ရက် ပြည့်ပြီ ဆရာရေ။"

"ဟုတ်ပါပြီ။ စပါးကို ကျွန်တော်တို့ ကောက်စိုက်စက်နဲ့ စိုက်မယ်ဆိုရင် ပျိုးသက် ၁၄ ရက်ကနေ ၁၆ ရက်ကြား စိုက်ရင် အကောင်းဆုံးပါပဲ။ တစ်ရက်နှစ်ရက် ကျော်သွားရင်ရပေမယ့် ပျိုးသက်ရက် ၂၀ ထက်ကျော်ရင် မကောင်းပါဘူး။ ကျွန်တော်တို့ ဒီကောက်စိုက်စက်နဲ့ စိုက်ရင် တန်းကြား ရှစ်လက်မနဲ့ ပင်ကြား ခြောက်လက်မရှိပြီး တစ်ဧကကို ကောက်ကွက်တစ်သိန်းနှစ်သောင်း ရှိမှာဖြစ်တာကြောင့် စပါးအထွက်နှုန်းလည်း ကောင်းမယ်။ တန်းကြား ရှစ်လက်မ ဖြစ်တာကြောင့် ပေါင်းလိုက်ရတာ၊ တမန်းနှိုးရတာ လွယ်ကူတဲ့အပြင် စပါးပင်ကြား လေဝင်လေထွက်လည်း ကောင်းတာကြောင့် အထွက်နှုန်းကောင်းမှာ သေချာပါတယ်။"

နေပြည်တော်တိုင်း စက်မှုလယ်ယာဦးစီးမှူးကလည်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု၏ ကောင်းခြင်းငါးဖြာကို ရှင်းပြနေသဖြင့် သူ့စကားကို စိတ်ဝင်တစားနားထောင်သူက နားထောင်နေပြီး ကောက်စိုက်စက်မှ အတန်းလိုက်စိုက်သွားသည်ကို စိတ်ဝင်တစား ကြည့်သူက ကြည့်နေကြသည်။

"ခင်ဗျားတို့ ဒီကောက်စိုက်စက်နဲ့ စိုက်ရင် တစ်ဧကကို ဘယ်လောက်ကြာမလဲ။ တစ်နေ့ ဘယ်နဧကပြီးမှာလဲ။"

ခမောက်ဆောင်ထားသည့် ဦးကြီးက ကောက်စိုက်စက်၏ စွမ်းရည်ကို အချိန်ဖြင့် နှိုင်းဆနေပုံရသည်။

"ဒီကောက်စိုက်စက်နဲ့ စိုက်ရင် တစ်ဧကကို တစ်နာရီသာသာ ကြာပါတယ်ခင်ဗျ။ တစ်ရက်ကို အလုပ်ချိန် ရှစ်နာရီမှာ ခြောက်ဧကတော့ ပြီးအောင် စိုက်ပေးနိုင်ပါတယ်။"

"အေး ဒါဆိုရင်တော့ ဟန်ကျသကွ။ လူနဲ့ဆိုရင် တစ်ဧကကို ၁၀ ယောက် စိုက်တာတောင် တစ်မွန်းတည့်မှပြီးတာ။ ဖိုးကြင်စိန် ကောက်စိုက်စက်ခ တစ်ဧကဘယ်လောက်ပေးရသလဲ။

ခမောက်ဆောင်ဦးကြီးက စက်၏ စွမ်းရည်ကို တွက်ချက်ပြီး စက်ခကို မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ကောက်စိုက်စက်ခက တစ်ဧကေ ကျပ် ၃၆၀၀၀ ပါခင်ဗျာ။ စက်သုံးဆီ ဈေးနှုန်းကျတာနဲ့အမျှ တောင်သူဦးကြီးတွေ စိုက်စရိတ်သက်သာအောင် လျှော့ပေးဖို့၊ ညှိနှိုင်းပေးဖို့ ရှိပါတယ်။ လောလောဆယ်တော့ ဒီနှုန်းအတိုင်းပဲ ဆောင်ရွက်ပေးပါတယ် ခင်ဗျ။"

စက်မှုလယ်ယာဦးစီးဌာန ပျဉ်းမနားထွန်စက်စခန်းမှူးက ဝင်ရောက်ဖြေကြားပေးခြင်း ဖြစ်သည်။

"အေး...ကောက်စိုက်စက်ခကလည်း ကောက်စိုက်သမတွေ စိုက်တာနဲ့စာရင် သက်သာတယ်။ ကောက်စိုက်သမတွေ တစ်ယောက် ကျပ် ၅၀၀၀ နဲ့ ၁၀ ယောက်ပေးရတာ တစ်ဧကအတွက် ကျပ် ၅၀၀၀၀ ကျနေပြီလေ။ ကောက်စိုက်စက်က တန်းကြားပင်ကြားလည်းညီ၊ ကောက်ကွက်လည်းပြည့်၊ ကောက်စိုက်ခလည်း သက်သာတော့ ငါတော့ ကြိုက်သွားပြီဟေ့။ စက်လိုချင်ရင် ဘယ်လိုဆက်သွယ်ရမလဲသာပြော။ ဖုန်းဘယ်ကိုဆက်ရမလဲ ပြောထားဦး။"

"ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘုတ်မှာ တင်ထားတာ ရှိပါတယ်။ ကျွန်တော်တို့ ဖုန်းနံပါတ်တွေကိုလည်း ရွာက အုပ်ကြီးတွေဆီမှာ ပေးထားပါတယ်ခင်ဗျ။ ဦးကြီးတို့ တိုက်ရိုက်ဆက်ချင်ရင်လည်း ဒါကျွန်တော့် ဖုန်းနံပါတ် ကတ်ပြားလေးပါဗျ။ အချိန်မရွေးဆက်လို့ရပါတယ်။"

မြို့နယ်ထွန်စက်စခန်းမှူးက သူ့ဖုန်းနံပါတ်မှတ်ထားသည့် ကတ်ပြားလေးကို အနီးရှိ ဦးကြီးများအား ဝေပေးလိုက်သည်။

"ဒီမှာအဘ။ ကျွန်တော့်လယ်က အခုချိန်ထိ ရေကောင်းကောင်းမရလို့ ဘာမှမလုပ်ရသေးဘူး။ ဟောဒီမှာ ကျွန်တော် ဓာတ်ပုံရိုက်ပြီးယူခဲ့တယ်။ သူများလယ်တွေ ထွန်ယက်ပြီးလို့ စိုက်နေကြပြီ။ ကျွန်တော့်လယ်က ဒီလိုဖြစ်နေတာ။ ဆည်ရေသောက်ပေမယ့် မြောင်းဖျား ဖြစ်နေတာကြောင့် ခုချိန်ထိ ရေမရောက်သေးတာ။"

နောက်နားမှ တောင်သူဦးကြီးတစ်ယောက်က လူအုပ်ရှေ့သို့ တိုးလာပြီး သူ့ဖုန်းထဲမှ ဓာတ်ပုံကို ကျွန်တော့်အား ပြ၍ ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော်က သူပြလာသည့် ဖုန်းမှ ဓာတ်ပုံကို ကြည့်လိုက်သည့်အခါ လယ်ကွက်မှာ တကယ်ပင် ခြောက်သွေ့နေသည်။

ကျွန်တော်က ကျွန်တော့်အဖွဲ့တွင် ပါလာသည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို မေးဆတ်၍ ပုံကိုပြလိုက်သည်။

"ဒီဦးကြီးလယ်က ၎လိုက်ဆည်ရေသောက် မြောင်းမကြီး၊ လက်တံ(၅) မြောင်း၊ လက်တံ ခွဲ(၉)(ဒီအို-၄)ဘက် ဟုတ်တယ်မဟုတ်လား။ မင်းတို့ ရေ ဘယ်တော့ စပြီးပေးမလဲ"

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးကြီးအမေးကို ဖြေရင်းသူ့လက်အောက်မှ ယင်းမြောင်းဘက် တာဝန်ကျသည့် လက်ထောက် အင်ဂျင်နီယာအား မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီနေ့မနက် စပြီး ရေပေးထားတယ်။ မြောင်းဖျားဖြစ်တာရယ်၊ လယ်ကြားမြောင်းတွေက ချုံနွယ်တွေနဲ့ ပိတ်နေတာရယ်ကြောင့် ရေမရောက်သေးတာနေမှာ၊ အဲဒီချုံတွေ၊ မြက်တွေရှင်းလိုက်ရင်တော့ ညနေလောက်တော့ ရေရောက်နိုင်ပါတယ်။"

လက်ထောက် အင်ဂျင်နီယာက ပြန်ဖြေလိုက်ခြင်းဖြစ်သည်။

"ကဲ ဦးကြီးရေ ခင်ဗျားကြားတဲ့အတိုင်းပဲ။ ရေကတော့ လွှတ်လိုက်ပြီ။ ဒါပေမယ့် ပြီးခဲ့တဲ့လက မိုးခေါင်တာရယ်၊ လယ်ကြားမြောင်းတွေက ချုံတွေ၊ မြက်တွေနဲ့ပိတ်ပြီး ရေစီးရေလာ မကောင်းတာရယ်ကြောင့် ဒီမနက် အဲဒီဘက်ကို လွှတ်ပေးပေမယ့် ခင်ဗျား လယ်ကွက်ထဲ ရေမရောက်သေးတာ။ ညနေကျရင် ရောက်မရောက် ကျွန်တော့်ဆီ သတင်းပို့ပါ။ ကျွန်တော်တို့ ဖြစ်အောင်လုပ်ပေးပ့ါမယ်။"

ကျွန်တော့်စကားကြောင့် ရေလိုနေသည့် တောင်သူဦးကြီး ကျေနပ်သွားပုံရသည်။ မျက်နှာက ပြုံးရွှင်သွားသည်။ ကျွန်တော် အပတ်စဉ် ခရီးထွက်၍ တောင်သူဦးကြီးများနှင့် တွေ့ဆုံနေခြင်းက သည်ရည်ရွယ်ချက်က အဓိကဖြစ်ပါသည်။ သူတို့၏ လိုအပ်ချက်ကို ယခုလို ကြားနာခွင့်ရလို၊ ဖြည့်ဆည်းပေးလို၍ တောင်သူများနှင့် အပတ်စဉ်တွေ့နိုင်ရန် ခရီးထွက်လာခြင်းကိုက ကျွန်တော်၏ အဓိကရည်ရွယ်ချက်နှင့် ဆန္ဒပါ။

**ဘစ်အမ်**

ဘစ်အမ်စိုက်ပျိုးခင်းက အမြန်လမ်းဘေး ၂၀၁ မိုင်၌ တည်ရှိသည်။ ဈေးကွက်ဝင် ရာသီသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲပုပ်၊ ပီလောပီနံ၊ ကျွဲကောသီး၊ ထောပတ်သီး၊ နဂါးမောက်သီး၊ မျိုးစေ့များ၊ ပျိုးပင်များ၊ ပန်းအလှပင်များ ရောင်းချသည့်ဆိုင်ဖြစ်သည်။ အမြန်လမ်း ၁၉၅ မိုင်၏ အနောက်ဘက်တွင်ကား ဧက ၁၀၀ ခန့်ကို ဘစ်အမ်အဖွဲ့က ကျွဲကောသီး၊ ထောပတ်သီး၊ လောင်ဂန်သီးနှင့် ထိုင်းအုန်းချိုပင်များကို တောင်ကုန်း တောင်ကြောများတွင် မြေအနိမ့်အမြင့်အလိုက် စိုက်ပျိုးထားသည်။

"ကျွန်မတို့က ရတဲ့မြေပေါ်မှာ သီးပင်စားပင်တွေကို မြေအနေအထားအလိုက် စိုက်ပျိုးပြသထားတာပါ။ အဓိကကတော့ ဒီအနီးအနား ရွာတွေမှာနေတဲ့ ရွာသူရွာသားတွေလည်း အလုပ်ရစေချင်တယ်။

*စာမျက်နှာ ၁၁ သို့*

**✳ ကျွန်တော့်ဘစ်အမ်စိုက်ပျိုးခင်းက အမြန်လမ်းဘေး ၂၀၁ မိုင်၌ တည်ရှိသည်။ ဈေးကွက်ဝင် ရာသီသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲပုပ်၊ ပီလောပီနံ၊ ကျွဲကောသီး၊ ထောပတ်သီး၊ နဂါးမောက်သီး၊ မျိုးစေ့များ၊ ပျိုးပင်များ၊ ပန်းအလှပင်များ ရောင်းချသည့်ဆိုင်ဖြစ်သည်။ အမြန်လမ်း ၁၉၅ မိုင်၏ အနောက်ဘက်တွင်ကား ဧက ၁၀၀ ခန့်ကို ဘစ်အမ်အဖွဲ့က ကျွဲကောသီး၊ ထောပတ်သီး၊ လောင်ဂန်သီးနှင့် ထိုင်းအုန်းချိုပင်များကို တောင်ကုန်း တောင်ကြောများတွင် မြေအနိမ့်အမြင့်အလိုက် စိုက်ပျိုးထားသည်**

*စာမျက်နှာ ၁၀ မှ*

စိုက်ပျိုးနည်းတွေ သိစေချင်တယ်။ တောင်ကုန်းပေါ်မှာ ရေမရလို့ဆိုပြီး ဘာမှမစိုက်တော့ မြေအလဟဿ ဖြစ်တာပေါ့။ ကျွန်မတို့ မြန်မာပြည်ကို ၁၉၉၅ ကတည်းက ရောက်တာ။ ရောက်စတုန်းက ပြင်ဦးလွင် ပိုးစာခြံမှာ ပိုးစာပင်စိုက်တာ။ ကော်ဖီတို့ ဘာတို့လည်း စိုက်တယ်။ သုံးနှစ်လောက်ကြာတော့ ဒီပျဉ်းမနားဘက်ရောက်လာတော့ ဒီက ရာသီဥတုလည်း ကောင်းတယ်။ ဒါကြောင့် ဒီမှာ မြေလွတ်မြေလပ် လျှောက်ပြီး သရက်၊ ပိန္နဲ၊ ကျွဲကော၊ ဒူးရင်း၊ ဩဇာ၊ အုန်းချိုမွှေး၊ လောင်ဂန် စိုက်ကြည့်တယ်။ ဒီကမြေအများကြီး ကောင်းတယ်။ ဘာစိုက်စိုက်ဖြစ်တယ်။ ဆရာအခုမြင်တဲ့အတိုင်း တောင်ပေါ်နဲ့ တောင်စောင်းတွေမှာ စိုက်တာ။ အဲဒီချိုင့်တွေမှာ ရေစုထားပြီး အပေါ်ကို ရေတင်၊ အပင်တွေကို ရေပိုက်နဲ့ အစက်ချစနစ်(Drip System)နဲ့ ရေပေးတယ်။ ဒီစနစ်က ရေအလေအလွင့် သက်သာတဲ့အပြင် အပင်ကိုလည်း လုံလုံလောက်လောက်ပေးနိုင်တဲ့အတွက် အကျိုးရှိပါတယ်။ ဒီရေပိုက်ကလည်း စနစ်တကျသုံးရင် ၁၀ နှစ်၊ ၁၅ နှစ်တော့ သုံးလို့ရတယ်"

ထိုင်းနိုင်ငံသူ ဒေါ်စုနန္ဒာက သူတို့ခြံကိုလိုက်၍ ပြသရင်း ကျွန်တော့်ကို ရှင်းပြနေခြင်း ဖြစ်သည်။

"ခြံမှာအလုပ်သမား ဘယ်နှယောက်ရှိသလဲ"

"ရွာသား ၅၀ လောက် မိုးရော၊ နွေပါ အလုပ်ပေးထားတယ်"

"အေးကောင်းတယ်။ အကျိုးအမြတ်ရော ဘယ်လိုလဲ"

"ဟာ အဲဒါကလည်း အကျိုးအမြတ်ရှိလို့ ထိုင်းနိုင်ငံတောင် မပြန်နိုင်ဘဲ ဒီမှာဆက်ပြီး လုပ်နေတာပေါ့"

ကျွန်တော်တို့အဖွဲ့ထဲမှ ကိုခင်ဇော်က ဖြတ်၍ ပြောလိုက်ပြီး ဒေါ်စုနန္ဒာဘက်သို့ လှည့်၍ မေးလိုက်သည်။

"ဟုတ်တယ်မဟုတ်လား အစ်မကြီး"

ဒေါ်စုနန္ဒာဘာမှမပြော။ ပြုံး၍သာ နေသည်။

"ကျွန်မတို့က ဒူးရင်း၊ မင်းကွတ်၊ ပိန္နဲနဲ့ ကျွဲကောမျိုးတွေ ယိုးဒယားက ယူလာပြီး စိုက်တာ။ ဒီမှာ မြေကောင်းတော့ မဖြစ်တာဆို ဘာမှမရှိဘူး။ အားလုံးဖြစ်တယ်။ ကောင်းလည်း ကောင်းတယ်။ ဒီလောင်ဂန်သီး စားကြည့်လေ၊ ဘယ်လောက်ချိုသလဲ"

**တန်ဖိုးထား အလုပ်လုပ်ကြရန်သာ**

ဒေါ်စုနန္ဒာက အပင်မှ ဆွတ်လာသည့် လောင်ဂန်သီးခိုင် ကျွန်တော့်ကို လှမ်းပြီး ပေးလာသည်။ ကျွန်တော် အသီးတစ်လုံး ဖြုတ်၍ အခွံခွာပြီး စားကြည့်သည်။ အတော်လေးချိုသည်။ မြန်မာ့မြေ၊ မြန်မာ့ရေကို ထိုင်းအမျိုးသားများပင် တန်ဖိုးထား၍ စိုက်ပျိုးနေကြပြီ။ ကျွန်တော်တို့နိုင်ငံသားတွေ တန်ဖိုးထား အလုပ်လုပ်ကြရန်သာ လိုပါသည်။

ကျွန်တော်တို့အဖွဲ့ ဘစ်အမ်၏ ၂၀၁ မိုင် စိုက်ပျိုးခြင်းအရောင်းဆိုင်သို့ ရောက်သည့်အခါ ဘစ်အမ်ကုမ္ပဏီပိုင်ရှင် ဦးမင်္ဂလာက ဆီးကြိုသည်။ ဦးမင်္ဂလာ



ဘစ်အမ်စိုက်ပျိုးခြင်းမှ ပျိုးပင်များကို ကြည့်ရှုလေ့လာစဉ်။

ရော၊ ဒေါ်စုနန္ဒာပါ ထိုင်းအမျိုးသား၊ အမျိုးသမီးများ ဖြစ်သော်လည်း မြန်မာ့ရေ၊ မြန်မာမြေပေါ်တွင် သူတို့ ပျော်နေကြသည်။ တစ်နှစ်လျှင် နှစ်လခန့်သာ အရောင်းအဝယ်ကိစ္စဖြင့် ထိုင်းသို့ ပြန်သည်ပြောသည်။ ကျန်သည့် ၁၀ လ မြန်မာနိုင်ငံတွင်သာ နေကြသည်။

"ဒီမှာသီးနှံလေးမျိုး ကျွန်တော်များများစိုက်ချင်တယ်။ တောင်သူတွေ ဝင်ငွေကောင်းစေချင်လို့ပါ။ ပြောင်းဖူးကတော့ အားလုံးလည်း အတော်လေး စိုက်နေကြပြီ။ အကျိုးအမြတ်လည်း ရတယ်ဆိုတာသိနေကြပြီ။ နှစ်သီးစိုက်လို့ရတယ်။ မိုးမှာဆို မေ၊ ဇွန်မှာ စိုက်ပြီး အပင်သက်က ရက် ၁၀၀- ၁၂၀ ရက်၊ နိုဝင်ဘာ၊ ဒီဇင်ဘာမှာ သိမ်းရတယ်။ ဆောင်းမှာ စိုက်ရတဲ့ ပြောင်းကတော့ အောက်တိုဘာ၊ နိုဝင်ဘာမှာ စိုက်ရပြီ၊ မတ်လ၊ ဧပြီလဆို သိမ်းရပြီ။ တစ်ဧကကို ပိဿာ ၂၀၀၀- ၂၅၀၀ ရပါတယ်။ ပြန်ရောင်းရင် ပြောင်းဖူးစေ့ တစ်ပိဿာကို ကျပ် ၅၀၀ ကနေ ၁၀၀၀ အထိ ဈေးရတာကြောင့် ပြောင်းဖူးတစ်ဧကစိုက်ရင် ကျပ် သိန်း၂၀-၂၅ သိန်းဆိုတာ အနည်းဆုံးပဲ''

ဦးမင်္ဂလာက ပြောင်းဖူးစိုက်ပျိုးမှု၏ အကျိုးကျေးဇူးကို ပြောနေခြင်း ဖြစ်ပါသည်။

" ကျွန်တော်ကတော့ ပဲပုပ်စိုက်စေချင်တယ်။ ပဲပုပ်က ကျွန်တော်တို့ အားလုံးသိတဲ့အတိုင်း ဆီထွက်တဲ့အပြင် တိရစ္ဆာန်အစာ၊ လူစာအဖြစ် သုံးနိုင်တယ်။ ပဲပုပ်မှာ မိုးစိုက်နဲ့ ဆောင်းစိုက် နှစ်မျိုးရှိတယ်။ မိုးစိုက်ကတော့ ပြောင်းဖူးလိုပဲ။ ဩဂုတ်၊ စက်တင်ဘာမှာ စိုက်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာမှာ သိမ်းရမယ်။ ဆောင်းစိုက်ကတော့ အောက်တိုဘာ၊ နိုဝင်ဘာမှာစိုက်ပြီး မတ်၊ ဧပြီမှာသိမ်းလို့ရပြီ။ ပဲပုပ်စိုက်ရင် တစ်ဧကကို ပိဿာ ၈၀၀-၁၀၀၀ ထွက်ပြီး တစ်ပိဿာကို ကျပ် ၁၅၀၀ ကနေ ၂၀၀၀ အထိ ဈေးပေါက်တာကြောင့် ပဲပုပ်တစ်ဧကစိုက်ရင် ကျပ် ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရနိုင်တယ်။

နောက်နှစ်မျိုးကတော့ နေကြာနဲ့ ပလောပီနံပဲ။ နေကြာစိုက်ရင်လည်း တစ်ဧကကို ပိဿာ ၃၀၀ ကနေ ၃၅၀ လောက်ရမယ်။ နေကြာကလည်း တစ်ပိဿာကို ကျပ် ၁၅၀၀ ကနေ ၂၀၀၀ ဈေးဝန်းကျင်ရှိတယ်။ ခင်ဗျားတို့ မစိုက်တတ်ရင်၊ မစိုက်ချင်ရင် ကျွန်တော်တို့ လိုက်ပြီးစိုက်ပေးမယ်။ စိုက်ခ၊ လုပ်အားခပဲ ကျွန်တော်တို့ယူမယ်။ ခင်ဗျားတို့ မြေတွေ နမြေသွန်းလို့ပါ"

ကျွန်တော်တို့ မြန်မာ့မြေကို နမြေသော ဦးမင်္ဂလာသည် အသက် ၇၈ နှစ်ခန့်ရှိပြီ။ သို့သော် ဦးမင်္ဂလာ မလျှော့။ မြန်မာ့မြေပေါ်တွင် သီးနှံအမျိုးမျိုး စိုက်ပျိုးပြီး ကုန်ထုတ်လုပ်ငန်းတွေ လုပ်နေသည်။ ကမ္ဘာ့ပြည်သူတွေအတွက် လိုအပ်သည့်စားနပ်ရိက္ခာကို သူစွမ်းသမျှ ဖြည့်ဆည်းပေးနေသည်။ လေးစားအားကျစရာပါ။

**လူငယ်တွေ သတိမူစေချင်**

ဘစ်အမ်မှ ဖောင်းလောင်ဆည်သို့ အသွားလမ်းတွင် ကျွန်တော် စဉ်းစားနေမိသည်။ ကျွန်တော်တို့ဆီက လူငယ်တွေ ကိုယ့်မိဘလက်ငုတ်လက်ရင်း လယ်တွေယာတွေကိုပစ်ပြီး ထိုင်းတို့၊ မလေးရှားတို့မှာ သူများခိုင်းသည့်အလုပ်ကို အောက်ကျခံပြီး သွားလုပ်နေကြသည်။ လူငယ်တွေ မျိုးဆက်သစ်တွေ မလုပ်သည့် ကျွန်တော်တို့ လယ်တွေယာတွေကို ဦးမင်္ဂလာတို့၊ ဒေါ်စုနန္ဒာတို့ လာလုပ်ပြီး စီးပွားဖြစ်ထွန်းနေကြသည်။ ဒါတွေကို ကျွန်တော်တို့ လူငယ်တွေ သတိမူစေချင်ပါသည်။

**ဖောင်းလောင်ရေလှောင်တမံ**

"ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ကန်၊ ရေတံခါး ၁၉၉ ခုနဲ့ မြစ်ရေတင်လုပ်ငန်း ၂၁၀၊ စုစုပေါင်း ရေအားအဆောက်အအုံ ၈၇၀ ရှိပြီး ရေပေးဝေနိုင်တဲ့ စိစစ်ကေပေါင်း ၃၁ သိန်းခန့် ရှိပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာတော့ ရေလှောင်တမံ ၁၂ ခု၊ ရေလွှဲဆည် ၁၂ ခု၊ ကန်ရှစ်ကန်နဲ့ ရေဘေးကာကွယ်ရေးတာငါးခု စုစုပေါင်း ရေအားအဆောက်အအုံ ၃၇ ခုရှိပါတယ်။ ရေပေးဝေနိုင်တဲ့ စိစစ်ကေပေါင်း ၉၈၃၁၂ ဧကနဲ့ ရေဘေးကာကွယ်ရေးဧရိယာ ၁၂၅၁၇ ဧက ရှိပါတယ်။"

ဖောင်းလောင် ရေလှောင်တမံ ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မြေပုံကားချပ်များဖြင့် ကျွန်တော်တို့အဖွဲ့ကို ရှင်းပြနေခြင်းဖြစ်သည်။ ဖောင်းလောင် ရေလှောင်တမံသည် နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်းကျေးရွာအနီး၌ တည်ရှိပြီး ဖောင်းလောင်ချောင်းပေါ်တွင် အလျား ၉၂၅ ပေ၊ အမြင့် ၆၅ ပေနှင့် ရေလှောင်ပမာဏ ၁၂၅၇ ဧက သိုလှောင်နိုင်သည့် မြေသားတမံအမျိုးအစား ဖြစ်သည်။ ဆည်ရေသောက်ဧရိယာ ဧက ၄၀၀ ခန့် ရေပေးဝေနိုင်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

"ဒီနှစ် ၂၀၂၁-၂၀၂၂ ခုနှစ်မှာ မိုးစပါး ၆၉၁၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ၂၅၈၃၈ ဧကနဲ့ နွေသီးနှံဧက ၃၂၇၀ စုစုပေါင်း ၂၉၁၀၈ ဧက စိုက်ပျိုးဖို့ လျာထားရာမှာ နွေစပါး ၂၇၇၉၇ ဧကနဲ့ နွေသီးနှံ ၂၃၅၈ ဧက စုစုပေါင်း ၃၀၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကစပြီး ရာသီဥတု ထူးကဲစွာ ပြောင်းလဲလာကာ မိုးရွာသွန်းမှုနည်းတာကြောင့် ဆည်ရေရဲ့ ရေပေးဝေမှုကဏ္ဍဟာ အထူးအရေးပါလာပြီး ရေသုံးစွဲမှုကို စနစ်တကျ သုံးစွဲအောင် ပညာပေးဆောင်ရွက်မှုတွေ လုပ်လာရပါတယ်။ အထူးသဖြင့် ရေသုံးစွဲသူများအဖွဲ့ (Water User Group- WUG)နဲ့ ရေသုံးစွဲသူများအသင်း(Water User Association-WUA)တွေ ဖွဲ့စည်းပြီး ရေကိုစနစ်တကျ သုံးစွဲဖို့နဲ့ ရေပေးမြောင်းတွေ၊ လက်တံမြောင်းတွေမှာ ချုံနွယ်တွေ ရှင်းလင်းဖို့နဲ့ ရေယိုပေါက်တွေမရှိအောင် တားဆီးကြဖို့ ကျွန်တော်တို့ ဆည်မြောင်းဝန်ထမ်းတွေက ရေသုံးစွဲတဲ့ တောင်သူလယ်သမားတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့အား ရှင်းပြနေစဉ်မှာပင် သူ့ခါးတွင် ချိတ်ထားသည့် ဖုန်းမြည်လာ၍ ကျွန်တော်က ပြောရန် ခေါင်းညိတ်၍ ခွင့်ပြုလိုက်သည်။

"အဘ စောစောတုန်းက မဲဒီးရွာမှာ သူ့လယ်ရေမရလို့ပြောတဲ့ ကိုကျော်ငြိမ်း ဖုန်းဆက်လာတာ။ အခုတင် သူ့လယ်ထဲ ရေရောက်လာလို့ ဖုန်းပြန်ပြီး ဆက်လိုက်တာတဲ့။ အဘကိုလည်း သတင်းပို့လိုက်ပါတဲ့။ ဗိုက်ဘာမှာလည်း ဓာတ်ပုံပို့ထားပါတယ်တဲ့"

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ မျက်နှာဝိုင်းဝိုင်းကြီးက ဝမ်းသာပြုံးဖြင့် ရွှင်မြူးနေပါသည်။ သူ၏အပြုံးနှင့် ဝမ်းသာစိတ်က ကျွန်တော့်ကိုလည်း ကူးစက်လာပြီး ဝမ်းသာကြည်နူးစေပါသည်။

ရုံးပိတ်ရက် စနေနေ့။ ကျွန်တော်တို့ အပင်ပန်းခံ၍ ထွက်လာခဲ့သည့် "တဲကြီးကုန်း၊ မဲဒီး၊ ဘစ်အမ်မှသည် ဖောင်းလောင်ဆီသို့" ခရီးစဉ်သည် ကျွန်တော်တို့ တောင်သူတွေ ပြုံးပျော်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည် မဟုတ်ပါလား။

◆ **ကျွန်တော်တို့ဆီက လူငယ်တွေ ကိုယ့်မိဘလက်ငုတ်လက်ရင်း လယ်တွေယာတွေကိုပစ်ပြီး ထိုင်းတို့၊ မလေးရှားတို့မှာ သူများခိုင်းသည့်အလုပ်ကို အောက်ကျခံပြီး သွားလုပ်နေကြသည်။ လူငယ်တွေ မျိုးဆက်သစ်တွေ မလုပ်သည့် ကျွန်တော်တို့ လယ်တွေယာတွေကို ဦးမင်္ဂလာတို့၊ ဒေါ်စုနန္ဒာတို့ လာလုပ်ပြီး စီးပွားဖြစ်ထွန်းနေကြသည်။ ဒါတွေက ကျွန်တော်တို့ လူငယ်တွေ သတိမူစေချင်ပါသည်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၅ | ၂၅၂၅ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၉၃၀ |
| 95 Ron | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၅၅ | ၂၅၄၀ | ၂၅၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၇၉၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၈၂၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၂၅ | ၂၈၆၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၅၀ | ၂၉၆၅ | ၂၉၆၀ | ၂၈၅၅ | ၂၈၆၅ | ၂၉၀၀ | ၂၉၀၀ | ၂၉၀၅ | ၃၁၂၀ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၉၂ | ၂၃၇၃ |
| 95 Ron | ၂၃၇၆ | ၂၄၅၈ |
| HSD (500 ppm) | ၂၆၉၇ | ၂၇၈၀ |
| HSD (50 ppm) | ၂၇၇၁ | ၂၈၅၆ |
| HSD (10 ppm) | ၂၇၇၁ | ၂၈၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရှမ်းယူနိုက်တက်အသင်း ပြည်တွင်းကစားသမားသစ် သုံးဦးခေါ်ယူ

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနေရှင်နယ် လိဂ်ကလပ် ရှမ်းယူနိုက်တက် အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ပြည်တွင်းကစားသမားသစ် သုံးဦး ခေါ်ယူခဲ့ပြီး ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တရားဝင်သတင်း ထုတ်ပြန်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကွင်းလယ်နှင့် တောင်ပံနေရာများကို အဓိကအားဖြည့်ခဲ့ပြီး မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား မြတ်ကောင်းခန့်၊ လက်ရွေးစင်ဟောင်း တောင်ပံကစားသမား စည်သူအောင်၊ ကွင်းလယ်ကစားသမား ဇင်ဖြိုးအောင်တို့ကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရာသီကုန်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



ယင်းကစားသမား သုံးဦးစလုံးသည် MNL အတွေ့အကြုံရှိသူများဖြစ်ပြီး စည်သူအောင်နှင့် မြတ်ကောင်းခန့်မှာ ပြည်ပကလပ်များတွင်ပါ ကစားဖူးသူဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၂ MNL အမှတ်ပေးပြိုင်ပွဲ ရာသီဝက်အပြောင်းအရွှေ့ ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လက်ရှိကျင်းပနေသည့် ၂၀၂၂ MNL အမှတ်ပေးပြိုင်ပွဲတွင် ဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ချန်ပီယံဆု ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်နေရာများ အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။

သတင်း-ရဲရင့်လွင်

ဓာတ်ပုံ-SUFC

## Young Boys အသင်းကို တက္ကသိုလ်အသင်း အနိုင်ယူ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) တတိယနေ့အဖြစ် တက္ကသိုလ်အသင်းနှင့် Young Boys အသင်းတို့ ဩဂုတ် ၂၀ ရက် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

Young Boys အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အသင်းကို ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်သဖြင့် ယခုမှ ပထမဆုံးပွဲကစားရခြင်းဖြစ်သည်။ Young Boys အသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၇၉၊ ၈၇ မိနစ်တွင် နှစ်ဂိုးပေးလိုက်ရအပြီး အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်အသင်းမှာမူ ဒုတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်အသင်းအတွက် အနိုင်ဂိုးများကို ၇၉ မိနစ်တွင် ကောင်းသက်နိုင်နှင့် ၈၇ မိနစ်တွင် ရဲမင်းဦးတို့က သွင်းယူခဲ့သည်။ တက္ကသိုလ်အသင်းသည် နှစ်ပွဲကစား သုံးမှတ်ရထားပြီး Young Boys အသင်းမှာမူ တစ်ပွဲကစား တစ်ပွဲအရေးနိမ့်ထားသည်။

ရဲရင့်လွင်



## ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဩဂုတ် ၂၁ ရက် ညနေ ၃ နာရီခွဲတွင် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အားကာမောင်

## ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာ ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်

**မနီလာ ဩဂုတ် ၂၀**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာသည် သမ္မတရာထူးရရှိသည့် အချိန်မှစကာ ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာ၏ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁၉ ရက်တွင် အဆိုပါ ခရီးစဉ်နှင့်ပတ်သက်ပြီး ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်းနှင့် သွားရောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဖိလစ်ပိုင် သမ္မတ မားကို့စ်ဂျူနီယာသည် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာအားကောင်းစေလိုသော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ဖိတ်ကြားမှုကို လက်ခံရရှိပြီးနောက် ဝါရှင်တန်သို့ သွားရောက်လည်ပတ်ရန် စဉ်းစားခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာ။

## ပေါ်တူဂီနိုင်ငံ၌ မီးဘေးအန္တရာယ်သတိပေးချက် ဆက်လက်ထုတ်ပြန်

**လစ္စဘွန်း ဩဂုတ် ၂၀**

ပေါ်တူဂီနိုင်ငံသည် လက်ရှိ မိုးလေဝသ အခြေအနေနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေအရ ဩဂုတ် ၂၁ ရက်မှ စတင်ကာ မီးဘေးအန္တရာယ် သတိပေးချက်ကို ဆက်လက်ထုတ်ပြန်လိုက်ကြောင်း ဩဂုတ် ၁၉ ရက်က ပြည်ထဲရေးဝန်ကြီး ဂျို့စ်လူးဝစ် ကာနေးယိုက ပြောသည်။

အဆိုပါ မီးဘေးအန္တရာယ် သတိပေးချက်သည် ဩဂုတ် ၂၃ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ပေါ်တူဂီ ပြည်မကြီးတစ်ခုလုံး သက်ရောက်မည် ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ထို့အပြင် ပေါ်တူဂီနိုင်ငံ အနှံ့အပြားတွင် ဩဂုတ် ၂၁ ရက်မှ စတင်ကာ အပူလှိုင်းဖြတ်မှု ကျရောက်နိုင်ပြီး အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်သို့ ထပ်မံရောက်ရှိနိုင်ကြောင်း သိရသည်။

ထိုကဲ့သို့သော အခြေအနေများတွင် ပေါ်တူဂီနိုင်ငံသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များကအစ ဒေသခံပြည်သူများအထိ လူတိုင်းနီးပါး အစွမ်းကုန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။



ပေါ်တူဂီနိုင်ငံသည် မကြာသေးမီနှစ်များက အဆိုးရွားဆုံး ရာသီဥတု အကျပ်အတည်းများထဲမှ တစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရပြီး အကျိုးရလဒ်အနေဖြင့် ယခုနှစ်အစပိုင်းကတည်းက မီးလောင်မှုကြောင့် မြေ ၈၄၀၀၀ ဟက်တာ မီးလောင်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုပမာဏသည် နိုင်ငံ၏ ပိုင်နက်နယ်မြေ တစ်ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ဥရောပတောမီးသတင်းအချက်အလက် စနစ်၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## ကနေဒါနိုင်ငံ၌ ဩဂုတ် ၁၉ ရက်အထိ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၁၆၈ ဦးအထိ ရှိလာ

**အော့တဝါ ဩဂုတ် ၂၀**

ကနေဒါနိုင်ငံ၌ ဩဂုတ် ၁၉ ရက်အထိ ဆေးရုံတက်ရောက်ကုသနေသူ ၃၀ အပါအဝင် နိုင်ငံတစ်ဝန်း မျောက်ကျောက်ရောဂါအတည်ပြုကူးစက်ခံရသူ ၁၁၆၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေး အေဂျင်စီ (ပီအိတ်ချ်အေစီ) က ပြောသည်။

အဆိုပါ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများတွင် အွန်တာရီယိုပြည်နယ်မှ ၅၇၁ ဦး၊ ကွီဘက်စ်ပြည်နယ်မှ ၄၅၃ ဦး၊ ဗြိတိသျှကိုလံဘီယာမှ ၁၁၉ ဦး၊ အယ်ဘာတာပြည်နယ်မှ ၁၉ ဦး၊ ဆာကက်ချီဝန်ပြည်နယ်မှ သုံးဦး၊ ယုခွန်မှ နှစ်ဦးနှင့် နယူးဘရွန်းဆွစ်မှ တစ်ဦးပါဝင်ကြောင်း ပီအိတ်ချ်အေစီက ပြောသည်။

ထို့အပြင် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် ဒေသများသို့ Imvamune ကာကွယ်ဆေး ၁၀၅၀၀၀ ကျော်ကို ဖြန့်ကြက်ပေးထားပြီး ဖြစ်ကြောင်းနှင့် ဩဂုတ် ၁၄ ရက်အထိ လူပေါင်း ၅၉၀၀၀ ကျော် အနည်းဆုံး တစ်ကြိမ်ထိုးနှံထားပြီး ဖြစ်ကြောင်း အဆိုပါ အေဂျင်စီက ဆိုသည်။ အစီရင်ခံတင်ပြလာသော ရောဂါကူးစက်ခံရသူ ၉၉ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး ပျမ်းမျှအသက်မှာ ၃၆ နှစ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ငလျင်လှုပ်ခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသများတွင် လူနေအိမ် ၂၂၀၀ ပြန်လည်တည်ဆောက်မည်

**ကဘူးလ် ဩဂုတ် ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ ပဲ့ခ်တီကာပြည်နယ် ဘာမယ်ခရိုင်တွင် အိမ်ခြေ ၁၀၀၀ အတွက် ဖောင်ဒေးရှင်းလုပ်ငန်း စတင်မှုနှင့်အတူ အရှေ့ပိုင်းဒေသများရှိ ငလျင်လှုပ်ခဲ့သည့် အိမ်ထောင်စုများအတွက် အိမ်ခြေ ၂၂၀၀ ပြန်လည်တည်ဆောက်ရန် ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (ယူအင်န်အိတ်ချ်စီအာ) မှ ပံ့ပိုးကူညီထားကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုရေးရာ ဒုတိယဝန်ကြီး မော်လဝီ ရှာရာဖူဒင် မွတ်ဆလင်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဇွန် ၂၂ ရက်က လှုပ်ခဲ့သည့် ငလျင်ကြောင့် အိမ်ခြေ ၂၀၀၀ ကျော် ဆိုးရွားစွာပျက်စီးခဲ့ကြောင်း၊ အဆိုပါငလျင်လှုပ်မှုကြောင့် လူ ၁၀၀၀ ကျော်သေဆုံးပြီး ၃၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ရာ အများစုမှာ ပဲ့ခ်တီကာပြည်နယ် ဂါရမ်ခရိုင်၊ ဘာမယ်ခရိုင်တို့နှင့် ခို့စ်ပြည်နယ် စပီယာခရိုင်တို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၅၀၀၀ နီးပါးရှိလာ

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၅၀၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ ထုတ်ပြန်ထားသည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုအချိန်အထိ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံဖြစ်သည်။ ဩဂုတ် ၁၈ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျောက်ကျောက်ရောဂါဖြစ်ပွားမှု စုစုပေါင်း ၁၄၁၁၅ ခုရှိကြောင်း စီဒီစီ၏ အချက်အလက်များအရ သိရသည်။ နယူးယောက်မြို့တွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၂၇၄၄ ဦးရှိကာ ကူးစက်မှုအများဆုံးဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်တွင် ကူးစက်ခံရသူ ၂၆၆၃ ဦးနှင့် ဖလော်ရီဒါပြည်နယ်တွင် ကူးစက်ခံရသူ ၁၃၇၂ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ယာဉ်မတော်တဆမှုကြောင့် ခြောက်ဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်တွင် ဩဂုတ် ၁၉ရက်နှောင်းပိုင်းက ခရီးသည်များလိုက်ပါလာသည့် ယာဉ်တစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတိုက်မှုဖြစ်ပွားရာ ခြောက်ဦးထက်မနည်း သေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။ ယာဉ်မတော်တဆမှုသည် ပြည်နယ်၏ ပါလိခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသွားသူများမှာ ဘာသာရေးကျောင်းသို့ သွားရောက်လည်ပတ်ပြီးနောက် နေအိမ်သို့ ပြန်လာကြသူများဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ဖုန်းဖြင့် ပြောကြားသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် ဒဏ်ရာရရှိသူများကို ဒေသတွင်းအစိုးရဆေးရုံသို့ ပို့ဆောင်ထားပြီး အချို့မှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂၉၄၁၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၂၀**

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီကနှင့် နှိုင်းယှဉ်ပါက ဩဂုတ် ၁၉ ရက်သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၉၄၁၁ ဦးရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၂၂၁၂၉၃၈၇ ဦးရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၂၀ ရက်တွင် အာဏာပိုင်များက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ အဆိုပါ ကူးစက်မှုပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် လျော့နည်းလာကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ(ကေဒီစီအေ)က ထုတ်ပြန်ထားသည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ၄၈၂ ဦးရှိသည့်အတွက် ပြည်ပပြန်ကူးစက်ခံရသူ စုစုပေါင်း ၅၄၄၉၀ ရှိလာပြီဖြစ် သည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၈၄ ဦးရှိလာရာ အဆိုပါ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၅၉၈၀ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

# စိုးရိမ်ဖွယ်ရာဖြစ်လာတဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု

ကျော်ထက်

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုတာ ဒေသအဝန်း၊ နိုင်ငံအဝန်းသာမက ကမ္ဘာအဝန်းဖြစ်ပေါ်ပြောင်းလဲလာတဲ့ ဖြစ်စဉ်တစ်ခုဖြစ်တာကြောင့် ရှောင်လွှဲလို့ မရပါဘူး။ လူသားတွေရဲ့ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ စက်ရုံအလုပ်ရုံတွေက မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချဖို့နဲ့ သစ်တောပြုန်းတီးမှုကို ကာကွယ်တားဆီးဖို့ ဖြစ်နိုင်သမျှ မြန်မြန်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

**လောကလူသားတွေကို စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်လျက်ရှိ**

အဲ့ဒီရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်လာပြီး မိုးခေါင်ခြင်း၊ မြေအောက်ရေတွေ ခန်းခြောက်လာခြင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေ တိမ်ကောပျောက်ကွယ်လာခြင်း၊ မြေဆီလွှာခန်းခြောက်လာခြင်းတို့သာမက ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခြင်း၊ ရေခဲတောင်တွေ အရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ အင်အားပြင်းတဲ့ မုန်တိုင်းတွေ၊ လျှပ်စီးတွေဖြစ်ပေါ်လာခြင်း၊ တောမီးတွေ လောင်ကျွမ်းခြင်းစတဲ့ သဘာဝဘေးအန္တရာယ် ဆိုးကျိုးများစွာက လောကလူသားတွေကို စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်လျက်ရှိပါတယ်။

**စားနပ်ရိက္ခာမလုံလောက်မှု မြင့်မားတဲ့အဆင့်နဲ့ ရင်ဆိုင်နေရ**

မကြာသေးခင်က အာဖရိက ဦးချိုဒေသမှ ဆိုမာလီယာနိုင်ငံမှာ မိုးခေါင်ရေရှားမှုကြောင့် အိုးအိမ်စွန့်ခွာ နေရသူတွေဟာ တစ်နေ့တခြား များပြားလာတာကို တွေ့နိုင်သလို ဆိုမာလီယာနိုင်ငံအပြင် ကင်ညာနိုင်ငံမြောက်ပိုင်း၊ အီသီယိုပီးယားနိုင်ငံတောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ လူပေါင်း ၂၁ သန်းကျော်ဟာ လေးနှစ်ဆက် မိုးရွာသွန်းမှုမရှိတာကြောင့် စားနပ်ရိက္ခာမလုံလောက်မှု မြင့်မားတဲ့အဆင့်နဲ့ ရင်ဆိုင်နေရတယ်လို့ ကုလသမဂ္ဂရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

**လူပေါင်း ၆၄၁ ဦး ထက်မနည်း သေဆုံး**

ဂျပန်၊ တောင်ကိုရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ လာအို၊ နယူးဇီလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ယီမင်စတဲ့နိုင်ငံတွေမှာတော့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေတာကို နိုင်ငံတကာ သတင်းရင်းမြစ်တွေမှာ အကျယ်တဝင့် ဖော်ပြထားတာ တွေ့နိုင်ပါတယ်။ ယခုနှစ်ဇူလိုင်လမှာ ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ကလေးငယ် ၁၉၁ ဦးအပါအဝင် လူပေါင်း ၆၄၁ ဦး ထက်မနည်း သေဆုံးကာ ၁၀၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ နိုင်ငံတကာ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

**တောင်ကိုရီးယားနိုင်ငံမှာ ရေကြီးရေလျှံမှုဖြစ်ပွား**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်၌ ဇူလိုင်လတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၈၅၀၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ယခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၂ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ မကြာသေးခင်ရက်ပိုင်းက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသတွေမှာ နှစ်ပေါင်း ၈၀ အတွင်း မကြုံစဖူး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အဆောက်အအုံ ၂၈၀၀ ထိခိုက်ပျက်စီးမှုဖြစ်ပွားကြောင်းနဲ့ လူကိုးဦးသေဆုံးခဲ့ကြောင်း သိရပါတယ်။

ဒ့ါအပြင် အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆိုးလ်မြို့မှာရှိတဲ့ လူပေါင်း ၁၆၃ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရတဲ့အပြင် မြို့နယ် ၅၀ ကိုလည်း မြေပြိုကျမှု သတိပေးချက်ထုတ်ပြန်ခဲ့ရပါတယ်။ လျှပ်စစ်ဓာတ်အားတွေလည်း ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ပါသေးတယ်။

**ယီမင်နိုင်ငံမှာ လူ ၇၇ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွား**

ယီမင်နိုင်ငံမှာလည်း ဇူလိုင်လလယ်ကနေ ဩဂုတ်လလယ်အထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ကလေးငယ်တွေ အပါအဝင် လူ ၇၇ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၀၀၀၀၀ ကျော်ရေဘေးသင့်တယ်လို့ ယီမင်နိုင်ငံမှာရှိတဲ့ ဒေသအာဏာပိုင်တွေက ဩဂုတ် ၁၇ ရက်မှာ ပြောပါတယ်။ အဲ့ဒီနောက် အဆိုးရွားဆုံး ထိခိုက်ခံစားနေရတဲ့ မိသားစုဝင်တွေထံ အမိုးအကာတွေ၊ စားနပ်ရိက္ခာတွေအပြင် အခြားအရေးကြီးလိုအပ်တဲ့ ထောက်ပံ့ရေးပစ္စည်းတွေကို ကူညီပံ့ပိုးပေးဖို့ လုပ်ဆောင်လျက်ရှိတယ်လို့ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်ကေ) နဲ့ မိတ်ဘက်အဖွဲ့အစည်းတွေက ပြောပါတယ်။ ယီမင်နိုင်ငံမှာ အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင် ၂၀ အနက် ၁၆ ခုမှာ ရေကြီးရေလျှံမှုဒဏ် ခံစားနေရတယ်လို့ ဆိုပါတယ်။

နိုင်ငံရဲ့ ၅၅ ရာခိုင်နှုန်း ရေလွှမ်းမိုးမှုဒဏ်ခံရတဲ့ ဒေသအချို့ကို ကာကွယ်ဖို့အတွက် ဆည်တွေ၊ တာတမံတွေ အပါအဝင် အခြေခံအဆောက်အအုံတွေ တည်ဆောက်ခဲ့ကြတဲ့ နယ်သာလန်လူမျိုးတွေအတွက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဟာ နှစ်ရာနှင့်ချီ ပြဿနာတစ်ခုအဖြစ် ရှိနေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း မကြာသေးခင်နှစ်တွေအတွင်း နယ်သာလန်နိုင်ငံဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် ပြင်းထန်တဲ့ မိုးခေါင်မှုနဲ့ စတင်ကြုံတွေ့ရပြီး ရေပြတ်လပ်မှုဟာ စိန်ခေါ်မှုတစ်ခုဖြစ်လာခဲ့ပါတယ်။ အဲ့ဒီမိုးခေါင်ရေရှားမှုဟာ နယ်သာလန် နိုင်ငံသာမက ဥရောပနိုင်ငံအချို့မှာ ဖြစ်ပွားနေတာကိုလည်း နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

**အကြီးမားဆုံးမီးလောင်ကျွမ်းမှုဖြစ်**

ပေါ်တူဂီနိုင်ငံရဲ့ အကြီးမားဆုံး ကြိုးဝိုင်းဧရိယာဖြစ်တဲ့ Serra da Estrela မှာ မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်းဟာ ၂၀၁၈ ခုနှစ်နောက်ပိုင်း အကြီးမားဆုံး မီးလောင်ကျွမ်းမှုဖြစ်တယ်လို့ ပေါ်တူဂီသဘာဝနဲ့ သစ်တော ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့က မကြာသေးခင် ရက်အနည်းငယ်အတွင်း ပြောပါတယ်။ ၁၀ ရက်ကြာ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိကာ ဟက်တာ ၁၆၀၀၀ ကျော် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ မီးငြိမ်းသတ်ဖို့အတွက် မီးသတ်သမား ၁၇၀၀ နီးပါးကို ယာဉ်အစီးရေ ၅၀၀ ကျော်နဲ့ လေယာဉ် ၁၇ စင်း ပံ့ပိုးပေးခဲ့ရတယ်လို့ ပေါ်တူဂီအရပ်သား ကာကွယ်ရေး အေဂျင်စီရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ပေါ်တူဂီနိုင်ငံဟာ ပြင်းထန်တဲ့ အပူလှိုင်းဖြတ်မှုနဲ့ အလွန်အမင်း မိုးခေါင်မှုကို ကြုံတွေ့ခံစားရပြီး ၎င်းက နိုင်ငံအနှံ့ရှိ ဒေသအများအပြားမှာ မီးလောင်ကျွမ်းမှုကို ဖြစ်ပွားစေခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ပေါ်တူဂီနိုင်ငံ၌ အပူလှိုင်းဒဏ်ကြောင့် ယခုနှစ်မှာ သေဆုံးသူ စုစုပေါင်း ၁၀၆၃ ဦးအထိ ရှိတယ်လို့ သိရပါတယ်။

**အပူလှိုင်းဒဏ်ကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၁၂၅ ဦးအထိရှိ**

ပေါ်တူဂီနိုင်ငံအပြင် ဥရောပနိုင်ငံအများအပြား ယခုနှစ်မှာ ပြင်းထန်တဲ့ အပူလှိုင်းဖြတ်မှုနဲ့ ကြုံတွေ့ခဲ့ရပြီး အဲ့ဒီအပူလှိုင်းဒဏ်ကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၁၂၅ ဦးအထိ ရှိတယ်လို့ မှတ်တမ်းတွေအရ သိရပါတယ်။ အဲ့ဒီသေဆုံးသူတွေထဲမှာ ဂျာမနီနိုင်ငံက ၈၁၃၈ ဦးနဲ့ အများဆုံးဖြစ်ပြီး အဲ့ဒီနောက်မှာ စပိန်က ၂၈၉၄ ဦး၊ ဗြိတိန်နိုင်ငံက ၁၆ ဦး၊ အိုင်ယာလန်နိုင်ငံက ခြောက်ဦး၊ ပြင်သစ်က ငါးဦးနဲ့ ပိုလန်နိုင်ငံက သုံးဦး ပါဝင်ပါတယ်။

ဒါကြောင့် ရာသီဥတုပြောင်းလဲမှုဘေးအန္တရာယ်ကို လောကလူသားတွေ ကြုံတွေ့နေရပြီး သက်ရောက်မှုတွေကလည်း စိုးရိမ်ဖွယ်ရာအခြေအနေတွေ ဖြစ်တာကြောင့် သိသာထင်ရှားတဲ့ ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်မှုတွေ လိုအပ်ပါကြောင်း။ ။




စပိန်နိုင်ငံ ဆဗီးယာမြို့၌ အပူချိန် ၄၈ ဒီဂရီဆဲလ်စီးယပ်ပြသနေသည့် ဘုတ်ပြားကို တွေ့ရစဉ်။

## ဩဂုတ် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၆၄ ရာခိုင်နှုန်းရှိ

(၂၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၄) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦးအနက် (၁၈) ဦး၊ (၃၇.၅) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃၀) ဦး၊ (၆၂.၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၂၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၈) ဦး | (၃၇.၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃၀) ဦး | (၆၂.၅) % |
| စုစုပေါင်း | (၄၈) ဦး | (၁၀၀) % |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၆၁,၂၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၆၂၀) ဦး ရှိပြီဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၂၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဩဂုတ် ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ ဒေသခံပြည်သူ ၂၅၁၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၅၃၀၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၁၆၁၂ ဦးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၁၁၉၉ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၂၄၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၁၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၃၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ကျောင်းသား ကျောင်းသူ ၅၈၅၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၃ ဒသမ ၆၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့် (၂၀) ကြာဆေးကြောပါ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနရှိ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှ အဆက်)*

ဆက်လက်၍ ပြည်ဖျက်မီဒီယာများ၏ သတင်းမှားထုတ်လွှင့်မှု၊ သတင်းမှန်များကို ဖုံးကွယ်မှုကြောင့် မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် အဖြစ်မှန်ကိုမသိဘဲ ဖြစ်နေကြသည့် နိုင်ငံတကာ၏ လက်တွေ့အခြေအနေများကို ပြောလိုကြောင်း၊ မကြာသေးမီက နိုင်ငံတော်အဆင့် ဧည့်သည်တော်တစ်ယောက် မြန်မာနိုင်ငံကို ရောက်လာကြောင်း၊ ၎င်းတို့နိုင်ငံ၏ မီဒီယာများက ဖော်ပြချက်၊ အခြားပြည်ဖျက်မီဒီယာများ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် အခြေအနေ တော်တော်ဆိုးနေပြီ၊ ရန်ကုန်၊ နေပြည်တော်ကဲ့သို့သောဒေသများတွင်ပင် လူများမသွားရဲ၊ မလာရဲဖြစ်နေပြီ၊ ပစ်ခတ်တိုက်ခိုက်မှုများ အချိန်ပြည့်ဖြစ်နေပြီ၊ မည်သည့်နေရာမှ မလုံခြုံ တော့ဟူ၍ ထင်မိသည်ဟုပြောကြောင်း၊ ယခုရောက်လာသည့်အခါတွင် တခြားစီဖြစ်နေကြောင်း၊ ရန်ကုန်လေဆိပ်မှ မြို့ထဲသွားသည့် အခါတွင်လည်း ပုံမှန်ဖြစ်ပြီး ရန်ကုန်မှ နေပြည်တော်လာသည့် အခါတွင်လည်း ပုံမှန်အတိုင်းဖြစ်သည်ကို လက်တွေ့တွေ့ခဲ့ရကြောင်း၊ ၎င်းတို့အကြား၊ ၎င်းတို့ အထင်များ တလွဲဖြစ်နေသည်ကို နိုင်ငံတော်အကြီးအကဲကို ပြောခဲ့ပါကြောင်း။

**မီဒီယာများ၏လှည့်စားမှု**

မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှုနှုန်း ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး အလယ်အလတ်အဆင့်ဖြစ်ကြောင်း၊ မိမိ ရည်ညွှန်းပြောဆိုသွားသည့် ဂျပန်နိုင်ငံသည် စာတတ်မြောက်မှုနှုန်း ရာနှုန်းပြည့်ဖြစ်ကြောင်း၊ မိမိတို့လေ့လာထားချက်အရ ပညာရေးစစ်တမ်းများအရ အထက်တန်းပညာပြီးမြောက်၍ တက္ကသိုလ်အဆင့် တက်ရောက်နိုင်သူ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ယင်းကဲ့သို့သော နိုင်ငံပင်လျှင် မီဒီယာများ၏လှည့်စားမှုကို ခံနေရသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ သုံးပုံတစ်ပုံသည် အလယ်တန်းပညာ မရှိ/ မပြီးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ အလယ်တန်းပညာရေးအဆင့်နှင့် အောက်သာရှိသူ သုံးပုံတစ်ပုံရှိသည့် နိုင်ငံဆိုလျှင် ဆိုဖွယ်မရှိပါကြောင်း၊ မိမိတို့သွားနေသည်မှာ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်တွင် လူတစ်ဦးချင်းစီ၏ ပညာရည်ပြည့်ဝမှုက အရေးကြီးကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူတိုင်းပညာသင်ကြားနိုင်ရေး၊ ပညာရည်မြင့်မားရေး အားသွန်ခွန်စိုက်ဆောင်ရွက်နေကြောင်း၊ ယင်းကို မည်သူတို့က နှောင့်ယှက်နေပါသလဲ၊ ပြည်သူလူထု ပညာရည်မြင့်မားလာမည်ကို မည်သူတို့က ကြောက်နေကြပါသလဲ၊ ယင်းကဲ့သို့ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်လိုသူများ၊ ငါနှင့်မတူ ငါ့ရန်သူဆိုသူများက ကြောက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ပညာရေးအနာဂတ်ကို နည်းလမ်းပေါင်းစုံဖြင့် ဖျက်ဆီးနေခြင်းဖြစ်ကြောင်း။

ဆက်လက်ပြီး စတုတ္ထအချက်အနေဖြင့် ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများကို အခြေခံပညာအထက်တန်းကျောင်းတစ်ခုစီတွင် တွဲဖက်ဖွင့်လှစ်နိုင်မည့်ကိစ္စများကို ပြောမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံကျသည့် လူမှုနယ်ပယ်သည် ကျေးလက်ဒေသဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည်လည်း ကျေးလက်နေပြည်သူများသာ ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် အသက်မွေးဝမ်းကျောင်းများကို လုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး**


အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့သကဲ့သို့ ခရိုင် ၅၀ ရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ၎င်းတို့အထဲမှ ထူးချွန်သူများအနေနှင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များကို ဆက်လက်တက်ရောက်ရန်၊ ယင်းနောက် အခြား ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ သင်ကြားသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပုံမှန်အတိုင်း ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင် ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖက်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းဖွင့်လှစ်မည့်မြို့များ ရွေးချယ်ရာတွင် ဒေသအတွင်းရှိ စိုက်ပျိုးနေသည့် မြေဧရိယာနှင့် မွေးမြူနေသည့် တိရစ္ဆာန်ယူနစ်များဖြင့် ချိန်ထိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ Grade 9 တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေသအခြေအနေ ဦးစားပေးအလိုက် ပထမဦးစားပေးခရိုင် ၅၀၊ ဒုတိယဦးစားပေးခရိုင် ၃၀ နှင့် တတိယဦးစားပေး ခရိုင် ၂၀၊ စုစုပေါင်း ခရိုင် ၁၀၀ တွင် ဖွင့်လှစ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် ဦးစားပေးအလိုက်ရွေးချယ်ထားသည့် ခရိုင်များတွင် တစ်ဆက်တစ်စပ်တည်း အသုံးပြုနိုင်မည့် ကျောင်းမြေနေရာ အကျယ်အဝန်းလုံလောက်မှု၊ ခရိုင်မြို့ သို့မဟုတ် သက်ဆိုင်ရာခရိုင်တွင်းရှိ မြို့နယ်တစ်ခုခု ကျောင်းများတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အနေဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးကိစ္စ၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးကြီးသည့် စက်မှု၊ လက်မှု ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ တိုးတက်လာရန်အတွက် အားစိုက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အနာဂတ်မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကြီးပွားချမ်းသာခြင်းကိုလိုလား၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပညာရေးနှင့်အတူ လူမှုစီးပွားဘဝတိုးတက်ရေးကို ယှဉ်တွဲသိရှိစေရန်၊ ယင်းကျောင်းသားများမှတစ်ဆင့် တောင်သူလယ်သမားများကို နည်းပညာမျှဝေပြီး ပိုမိုတိုးတက်စေရန်၊ Pilot Project အဆင့်မှ အဆင့်လိုက် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ရန်စသည့် ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**NUG နှင့် PDF အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများ**

ဆက်လက်ပြီး နောက်ဆုံးအချက်ဖြစ်သည့် အကြမ်းဖက် NUG နှင့် PDF အဖွဲ့အစည်းများ၏ ဒေသအချို့တွင် ဖြစ်ပွားနေသည့် လုပ်ဆောင်မှုများကို ပြောလိုကြောင်း၊ ပထမဦးဆုံး ရန်ကုန်တိုင်း



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ။**

ပြည်သူ့တပ်မဟာအဖွဲ့ဆိုသည့် ထုတ်ပြန်ချက်ကို ပြောကြားလိုကြောင်း၊ NUG အဖွဲ့က စစ်ရေးအရ ကူညီပံ့ပိုးပေးမည်၊ ဩဂုတ် ၇ ရက်မှစ၍ လှိုင်း သုံးလှိုင်းနှင့်လုပ်မည် စသဖြင့် ပြောကြကြောင်း၊ တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းက တာဝန်ထမ်းဆောင်နေသည့် တရားရုံးမှ ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ခေတ်စကားနှင့်ပြောရလျှင် "ဘာဖြစ်ချင်နေတာလဲ" ဟု မေးရမည်ဖြစ်ကြောင်း၊ လက်နက်မကိုင်ထားသည့် အရပ်သားပစ်မှတ်များကို ဒလန်ဟု စွပ်စွဲပြီးသတ်၊ သတင်းပေးဟု စွပ်စွဲပြီးသတ်၊ ၎င်းတို့ကို မထောက်ခံလည်းသတ်၊ ကြားနေလည်းသတ်၊ ဝန်ထမ်းလည်းသတ်၊ ကိုးကွယ်ရာ ရဟန်းသံဃာပါမချန် သတ်နေသည်မှာ တော်လှန်ရေးဆိုသည်လားဟု မေးလိုကြောင်း၊ ယခုလည်း သတိထားမိအောင် ပြောလိုကြောင်း၊ ဘာလုပ်မည်၊ ညာလုပ်မည်၊ မနက်ဖြန်ချမည်၊ သန်ဘက်ခါလုပ်မည်ဟု လွှင့်ပါကြောင်း၊ လွှင့်ပြီးပါက နောက်က ကပ်ပါလာသည်မှာ အလှူခံခြင်းဖြစ်ကြောင်း၊ အလှူခံ၍ ငွေရသွားပါက လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းခြင်းခံလိုက်ရသည်ဟုဆိုကာ မြို့ပြကို စွန့်ခွာသွားပြီဖြစ်ကြောင်းကို ဝမ်းနည်းစွာ အသိပေးပါသည်ဆိုသည်ဟုပြောလာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ နာမည်ကြီး အစီအစဉ်တစ်ခုထဲက ကဲ့သို့ "မီးလေးခဏမှိတ်ထားပါ ပြန်လာပါမယ်"၊ ယခုလည်း မီးလေးခဏမှိတ်ထားပါ၊ နောက်ထပ်ခေါင်းစဉ်တစ်ခုဖြင့် ဖလားအသစ်တစ်လုံးကိုင်ပြီး ပြန်လာပါမည်ဆိုသည့် သဘောသာဖြစ်ကြောင်း။

ဆက်လက်ပြီး NUG အဖွဲ့အကြောင်းကို ပြောလိုကြောင်း၊ ၎င်းတို့ အသုံးအနှုန်းအရ သမ္မတဆိုသူများ၊ ဝန်ကြီးဆိုသူများပြောနေသည့် ပြည်သူတင်သည့် အစိုးရမှာ ကိုယ်စားပြုမှု မည်မျှရှိသည်၊ NUG ကို ဖွဲ့စည်းပေးလိုက်သည့် CRPH တွင် ပါတီမည်မျှပါသည်၊ ကိုယ်စားလှယ်ဆိုသူ ဘယ်နှယောက်ပါသည် စသဖြင့် ပြောကြကြောင်း၊ ပါသည့်ကိုယ်စားလှယ်များသည် မည်သည့်အချိန်က ကိုယ်စားလှယ် ဖြစ်ခဲ့သည်၊ မည်သည့်ဒေသကို ကိုယ်စားပြုသည်ကို တွေးကြည့်စေလိုကြောင်း၊ ပြည်သူတစ်ရပ်လုံးက ထောက်ခံသည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မည်မျှက ထောက်ခံနေသည်၊ ပေါင်းနေသည်၊ အကယ်၍ ပေါင်းနေသည်ဆိုပါက ၎င်းတို့အမိန့်ပေးသည်ကို ပေါင်းနေသည်ဆိုသည့် တိုင်းရင်းသားလက်နက်ကိုင်များက လက်ခံပါသလားဆိုသည်ကို သတိပြု စဉ်းစားစေလိုပါကြောင်း၊ သက်တမ်းရှည်နေပြီဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO အဖွဲ့များ မဆိုထားနှင့် မကြာမီကမှ ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်ခေါင်းဆောင်တစ်ဦး မီဒီယာများနှင့် တွေ့ဆုံပြောဆိုထားသည်ကို မီဒီယာများ သိပြီးဖြစ်မည်ဖြစ်ကြောင်း ပြောကြား၍ ၎င်း၏ပြောစကား Video File ကို ဖွင့်လှစ်ပြသသည်။

**အကြမ်းဖက်မှုများကို ဦးဆောင်လုပ်နေ**

ယင်းခေါင်းဆောင်ဆိုသူသည် စစ်ကိုင်းတိုင်းအတွင်းတွင် အကြမ်းဖက်မှုများကို ဦးဆောင်လုပ်နေသူဖြစ်ကြောင်း၊ ခရီးသည်တင်ကားများကို ပစ်မှတ်ထားပြီး ဆောင်ရွက်နေသူများ၏ ခေါင်းဆောင်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသတွင် ခိုအောင်းလှုပ်ရှားနေသည့် PDF များသည် ၎င်းတို့ကိုယ်၎င်းတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဟု သုံးနှုန်းပါကြောင်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဟု သုံးနေသူများသည် လမ်းပိတ်ဆို့မှုများကို ပြုလုပ်ပါကြောင်း ပြောကြား၍ ၎င်းတို့ လမ်းပိတ်ဆို့နေသည့်ပုံများကို ပြသသည်။ လမ်းများသုံးလျှင် တာဝန်မယူဟု ခြိမ်းခြောက်ထားကြောင်း၊ ဒေသခံပြည်သူလူထုအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက် မည်မျှအထိ ထိခိုက်နစ်နာသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ ကယားပြည်နယ်အတွင်းက ကြေညာချက်ထုတ်ပြန်ထားသည်ကို ပြောကြားလိုကြောင်း၊ ဒီးမော့ဆိုမြို့နယ်အတွင်း ဩဂုတ် ၉ ရက်တွင် KNDF အမည်ခံပြီး ဒီမော့ဆိုမြို့နယ်က ရွာသူ၊ ရွာသားများ ရွာများထဲမှ ထွက်ရန်၊ တောထဲရောက်နေသည့် ရွာသူ၊ ရွာသားများကို ရွာထဲပြန်မဝင်ရန်၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးများကို ရွာထဲတွင် မနေစေလိုသူ၊ တောထဲနေစေလိုသူက မည်သူဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အဖြေသည် အလှူခံရန်အတွက်သာဖြစ်ကြောင်း၊ တိုင်းရင်းသားများ ဒုက္ခရောက်နေအောင် စီစဉ်ပြီးလျှင် တယောသံလေးနှင့် Documentary ရိုက်၊ ဓာတ်ပုံရိုက်ပြီး အလှူခံမည်၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြီး အလှူခံမည်၊ ပြည်သူကိုပြပြီး ကျည်ဖိုးတောင်းခြင်းမျိုး လာမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့်ပုံစံအတိုင်း Documentary ရိုက်သည်ဖြစ်စေ၊ ဓာတ်ပုံရိုက်သည်ဖြစ်စေ၊ နောက်ဆုံး မြန်မာတိုင်းရင်းသားနှင့် ရုပ်ရည်ဆင်တူသည့် ပြည်ပနိုင်ငံက ဒုက္ခသည်ပုံပဲရရ ၎င်းတို့ဝမ်းသာကြကြောင်း၊ မြန်မာနိုင်ငံ၌ ယခုကဲ့သို့ ဒုက္ခရောက်နေသည်ဟုပြောပြီး နိုင်ငံခြားတိုင်းပြည်တွင် မျက်ရည်ကျပြ၊ သနားပြပြီး အလှူခံသည်ကို တွေ့ရကြောင်း၊ ၎င်းကို ခွက်ခေါက်နည်းအဆင့်(၁)ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ခွက်ခေါက်နည်းပေါင်းများစွာထဲမှ အဆင့်လွန်ခွက်ခေါက်နည်းမှာ အချင်းချင်းခွက်စောင်းခုတ်ခြင်းဖြစ်ကြောင်း၊ အလှူငွေမည်မျှရသည်၊ မည်မျှလှူသည်၊ မည်သည်ကိုလှူသည်ဟု ပြောရန်မလိုသည့်အတွက် အချင်းချင်းထချနေသည်ကို တွေ့ရကြောင်း၊ အားလုံးက သတိထားဆင်ခြင်ကြရန် ပြောကြားသည်။

**သဃ်ၤန်းကျွန်းလဝကရုံးဖြစ်စဉ်**

ထပ်မံဖြည့်စွက် ပြောကြားလိုသည်မှာ သင်္ဃန်းကျွန်းဖြစ်စဉ် ဖြစ်ပါကြောင်း၊ ဩဂုတ် ၁၂ရက် မွန်းလွဲ ၂ နာရီတွင် သင်္ဃန်းကျွန်းလဝကရုံး၌ အကြမ်းဖက်နှစ်ဦးက လဝကဦးစီးမှူးနှင့် ရုံးအဖွဲ့မှတ်ပုံတင်ကိစ္စများဆောင်ရွက်နေသည့် ပြည်သူလူထုထဲကို ဝင်ရောက်ပစ်ခတ်ခဲ့ပါကြောင်း၊ ဦးစီးမှူး သေနတ်ဒဏ်ရာရရှိခဲ့ပြီး ဒုတိယဦးစီးမှူးက ရွပ်ရွပ်ချွံချွံခုခံခဲ့သည်ကို အားလုံးသိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ၎င်းမှာ ကျဆုံးခဲ့ပါကြောင်း၊ ဒုတိယဦးစီးမှူး ဦးကျော်မိုးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပြီး လိုအပ်သည့် စောင့်ရှောက်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းတင်ပြရာ (က)၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှုအခြေအနေ၊ (ခ) မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ လုပ်ငန်းစဉ်(၁)အရ ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၏ မဲစာရင်းများစစ်ဆေးခြင်းနှင့် မဲလက်မှတ်များ မြေပြင်စစ်ဆေးခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအပါအဝင် သက်ဆိုင်သူအားလုံးကို တွေ့ဆုံမေးမြန်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ဆောင်ရွက်ခဲ့ရာ စိစစ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများအနက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်မရှိသူများ၊ မဲစာရင်းမှာ နှစ်ကြိမ်၊ သုံးကြိမ်အထက် ပါဝင်ပြီး မဲစာရင်းထပ်နေသူများ၊ အသက် ၁၀၀ နှစ်အထက်နှင့် အသက် ၁၈ နှစ်မပြည့်ဘဲပါသူ အစရှိသည့် မဲမသမာမှုပြုနိုင်သည့် မဲဆန္ဒရှင်ပေါင်း ၁၁ ဒသမ ၃ သန်းကျော်၊ မဲဆန္ဒရှင် စုစုပေါင်း၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းကို စစ်ဆေးတွေ့ရှိရကြောင်း၊ အလားတူ ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မဲလက်မှတ်များကို စစ်ဆေးရာတွင်လည်း လျော့နည်းပျောက်ဆုံးသည့် မဲလက်မှတ် ၁ ဒသမ ၄ သန်းကျော်နှင့် အပိုတွေ့ရသည့် မဲလက်မှတ် ၄ ဒသမ ၃ သိန်းကျော် တွေ့ရှိခဲ့ရကြောင်း။

ထို့အတူ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလ ဖြစ်စဉ်တစ်ရပ်လုံးအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဟုတ်ကြောင်း၊ NLD ပါတီအစိုးရအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြံစည်လုပ်ဆောင်ခဲ့ကြောင်းနှင့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ရလဒ်ကို ဥပဒေနှင့်အညီပယ်ဖျက်ခဲ့ရပြီး ထိုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများကိုလည်း အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အရေးယူဆောင်ရွက်ထားရှိသည့် အခြေအနေကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဖြစ်ပွားခဲ့သည့် အမှုပေါင်း ၁၀၇၇ မှုရှိခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေနှင့်အရေးယူဆောင်ရွက်ခဲ့သည့် အမှု ၅၄၆ မှု ရှိပါကြောင်း၊ ယင်းအမှုများနှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရရှိသည့် စာရင်းဇယားများအရ တရားစွဲတင်ပြီး ၃၄၅ မှု၊ ပိတ်သိမ်း ၂၀၀ မှုနှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ တစ်မှုတို့ ဖြစ်ပါကြောင်း။

ထို့အတူ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသည့် သမ္မတဟောင်းနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအပါအဝင် ကျူးလွန်သူ ၅၀၅ ဦးကို ဥပဒေနှင့်အညီအရေးယူနိုင်ရန် အမှုတွဲ ၃၅၀ မှုဖြင့် တရားစွဲဆိုရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးစီးမှုအနေဖြင့် ကျူးလွန်သူ ၂၃၉ ဦးကို အမှုတွဲအရေအတွက် ၁၉၅ မှုနှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၁၂၁ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၇၄ မှု ဖြစ်ကြောင်း။

အလားတူ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်ခဲ့သည့် ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း ၂၄၄၉ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ကျူးလွန်သူ ၂၁၉၁ ဦးကို အမှုတွဲအရေအတွက် ၃၇၅ မှုနှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၃၇၄ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် တစ်မှုတို့ ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးတည်းက မဲနှစ်ကြိမ်ပေးခဲ့ခြင်းများကိုလည်း စိစစ်ဖော်ထုတ်အရေးယူလျက်ရှိပါကြောင်း။

မိမိအလေးထားပြီး တင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများပါပြဋ္ဌာန်းချက်များနှင့်အညီ **နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်း**ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်၏ အခြေခံသည် ရွေးကောက်ပွဲများဖြစ်ပါကြောင်း၊ ယင်းရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့် သန့်ရှင်းသည့် ရွေးကောက်ပွဲများ ဖြစ်ရန်လိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အနာဂတ်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် ရည်ရွယ်ပြီး ယခင် ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့်တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့သူများကို အရေးယူခြင်းများနှင့် ကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်စဉ်များ၊ အားနည်းချက်များကို သုံးသပ်ပြီး ရွေးကောက်ပွဲစနစ်အပါအဝင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်းများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအပါအဝင် သက်ဆိုင်သူအားလုံးသည် ဒီမိုကရေစီအခွင့်အရေးနှင့် မိမိတို့၏တာဝန်များကို လည်းကောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း သိရှိနားလည်ပြီး လေးစားလိုက်နာရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့် **"ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ"** စာရင်းကို ပြုစုနိုင်ရေး၊ မဲပေးခွင့်မရှိသူများ မပါစေရေးနှင့် မဲစာရင်းများ မထပ်ရေး အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းကဲ့သို့ စိစစ်ဆောင်ရွက်ရာ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အထက်ပါမဲပေးပိုင်ခွင့်ရှိသူများကို ကိုင်ဆောင်သည့် နိုင်ငံသားကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ မဲစာရင်းတွင် ထည့်သွင်းပြုစုမည် ဖြစ်ပါကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရေးနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများတိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာ ကနဦးတွေ့ရှိချက်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တာဝန်ခံကော်မရှင်အဖွဲ့ဝင်များက အနီးကပ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။

အထက်ပါ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်ဆေးပြီးစီးမှုစာရင်းချုပ်များရရှိပြီး ဖြစ်ပါကြောင်း၊ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် နယ်မြေလုံခြုံရေးအခြေအနေအရ တိုက်ဆိုင်စစ်ဆေးမှုများကို မြို့နယ်တစ်ခုလုံးနှင့် တစ်ခုလုံးနီးပါး ဆောင်ရွက်နိုင်ခြင်းမပြုနိုင်သည့် မြို့နယ်များသည် ကချင်ပြည်နယ် တစ်မြို့နယ်၊ ကယားပြည်နယ် နှစ်မြို့နယ်၊ ကရင်ပြည်နယ် တစ်မြို့နယ်၊ ချင်းပြည်နယ် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်း ခုနစ်မြို့နယ်၊ မကွေးတိုင်း ခြောက်မြို့နယ်နှင့် ရှမ်းပြည်နယ် သုံးမြို့နယ် ဖြစ်သဖြင့် စုစုပေါင်း ၂၈ မြို့နယ် ဖြစ်ပါကြောင်း၊ တိုက်ဆိုင်စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်ဆေးပြီးဖြစ်သည့် အခြေခံလူဦးရေ စာရင်းချုပ်များကိုရယူပြီး ကနဦးမဲဆန္ဒရှင်များစိစစ်ခြင်း (Initial Voter List Scrutinizer – IVLS Software ) အသုံးပြုစိစစ်ခြင်းနှင့် တွေ့ရှိချက်မြေပြင်အခြေအနေများကို သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပေးပို့လျက်ရှိပါကြောင်း၊ မြေပြင်စိစစ်တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက စစ်ဆေးပြင်ဆင်အတည်ပြုပြီး ပြန်လည်ပေးပို့သည့် စာရင်းများကို ရယူပြီး လစဉ် Update လုပ်ခြင်းကို လာမည့် စက်တင်ဘာလမှစတင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုချိန်အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခုနှင့် ပြည်ထောင်စုနယ်မြေ၏ အခြေခံလူဦးရေစာရင်းချုပ်များကို (Initial Voter List Scrutinizer – IVLS Software) ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် နှစ်ခုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ် Update လုပ်ခြင်းဖြင့် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ပြည့်စုံမှန်ကန်သည့်မဲဆန္ဒရှင်စာရင်းများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ခြင်း၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်အသိပညာပေးဆိုင်ရာများ ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ်များ ဖြည့်တင်းလေ့ကျင့်ခြင်းနှင့် အခြေခံအဆောက်အအုံဖြစ်သည့် ရုံးဌာနများတည်ဆောက်ခြင်းတို့ လုပ်ဆောင်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများကို ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့်အခမ်းအနား မြိတ်မြို့၌ကျင်းပ

**မြိတ် ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကို အ.ထ.က(၃)မြိတ် ပညာရတနာခန်းမ၌ ဩဂုတ် ၁၈ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍ အမှာစကားပြောကြားပြီး အသက်ငါးနှစ်အောက်ကလေးများ ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပေးသည်။



ပညာပေးပြခန်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးနှင့် အသင့်လျော်ဆုံး အစာအာဟာရဖြစ်ပြီး မွေးစမှ ကလေးအသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ကလေးအသက် ခြောက်လပြည့်သည့်အခါတွင်လည်း ဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် အကြံပြုထားကြောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးရေးနှင့် ပတ်သက်ပြီး မှန်ကန်သည့် သတင်းအချက်အလက်များ၊ မလိုအပ်ဘဲ နို့မှုန့်တိုက်ကျွေးပါက ဖြစ်လာတတ်သည့် ဆိုးကျိုးများကို ပြည်သူလူထုသိရှိအောင် အသိပညာပေးဆောင်ရွက်ကြရန်နှင့် လိုက်နာကျင့်သုံးကြစေရန် အရေးကြီးကြောင်း၊ အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားလာစေရေးစသည့် ရည်မှန်းချက်များ ချမှတ်ပြီး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဌေးစံက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအကြောင်း ရှင်းလင်းတင်ပြပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပညာပေး ဗီဒီယိုပြသရာ နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင်များနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေး၍ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ ပေးအပ်ပြီး ကလေးငယ်များအတွက် ဆေးစိမ်ခြင်ထောင်၊ အားဆေး၊ ထမင်းစားပန်းကန်နှင့် ကစားစရာအရုပ်များ၊ ကိုယ်ဝန်ဆောင်များအား ဆေးစိမ်ခြင်ထောင်၊ အနှီးပိတ်၊ မွေးဖွားသန့်စင်အိတ်၊ ကိုယ်ဝန်ဆောင်အားဆေး၊ ထမင်းစားပန်းကန်များကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြသည် ။

ထို့နောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် ပညာပေးပြခန်းနှင့် (မြိတ်)ပညာရေးမိသားစု၏ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ပြခန်းတို့၌ ပြသထားသော ပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# လားရှိုးမြို့၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**လားရှိုး ဩဂုတ် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း (၁/၂၀၂၂)ကို လားရှိုးမြို့ အမှတ်(၅၆) စက်မှုလယ်ယာစခန်း၌ ဩဂုတ်လ တတိယပတ်အတွင်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် လားရှိုးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရာသီချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာများကို ဖြေရှင်းရန်နှင့် သီးနှံအရည်အသွေးအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် အချိန်ကုန်သက်သာမှုရှိသည့် စက်ကိရိယာများကို မဖြစ်မနေ သုံးစွဲလျက်ရှိကြကြောင်း၊ တောင်သူများ၏လက်ဝယ်တွင် စက်ကိရိယာပိုင်ဆိုင်မှုများလာသည်နှင့်အမျှ စနစ်တကျကိုင်တွယ်မောင်းနှင်တတ်အောင် ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများလည်း လိုအပ်နေဆဲဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် အမှတ်(၅၆) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်လတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ဇော်လင်းထွန်းက သင်တန်းတက်ရောက်လာကြသူများအတွက်သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် ဒေသတွင်း အသုံးပြုမှုများပြားသည့် ထွန်စက်ကြီး လက်တွေ့မောင်းနှင်ထိန်းသိမ်းနည်း၊ လက်ကိုင်ရှည်လက်တွန်းထွန်စက်၊ တစ်လုံးထိုးအင်ဂျင်နှင့် ဂီယာဘောက် မောင်းနှင်ထိန်းသိမ်းပြုပြင်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းသို့ မန်းပွဲလုံကျေးရွာအုပ်စု ၁၂ ရွာမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**စိုင်းထွန်း (လားရှိုး)**

# ချောက်မြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်

**ချောက် ဩဂုတ် ၂၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇ ဒသမ ၇ သန်းဖြင့် ချောက်မြို့နယ် ကန်ရေလေးကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို တာဝန်ရှိသူများက ဩဂုတ် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇောဟိန်း၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မေသက်နိုင်နှင့် အင်ဂျင်နီယာများက တင်ဒါအောင်မြင်သောကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကန်ရေလေးကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု တစ်ပေ ကိုးလက်မ အမာခံကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာအား လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကန်ရေလေးကျေးရွာကုန်ထုတ်လမ်းကို တင်ဒါအောင်ကုမ္ပဏီက ဇွန် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

**အထွေး**

# အုတ်တွင်းမြို့နယ်၌ ပင်မကုန်စိမ်းဈေးသစ်ကြီးဖြစ်လာမည့် ခပေါင်းကျောင်းရှစ်ဆယ်ဈေးသစ်ကြီးဖွင့်

**အုတ်တွင်း ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေနှင့် အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ရန်ပုံငွေများဖြင့် တည်ဆောက်ပြီး ဖွင့်လှစ်လိုက်သည့် အုတ်တွင်းမြို့နယ် မြင်းစု-ထန်းတပင်သွားလမ်းဘေးရှိ ခပေါင်းကျောင်းရှစ်ဆယ်ဈေးသစ်ကြီးကို ဩဂုတ် ၁၉ ရက်မှစ၍ ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ ဈေးသစ်ကြီးသည် ၁ ဒသမ ၅ ဧကကျယ်ဝန်းပြီး ဈေးရုံကြီးငါးရုံပါဝင်ကာ သားငါးရုံတစ်ရုံပါရှိသည်။ တစ်ရုံလျှင် ဆိုင်ခန်း ၁၆ ခန်းနှင့် ပုံကျဈေးနှင့်ရေတွက်ပါက အခန်းပေါင်း ၁၆၀ ကျော်ပါရှိသည်။ ဈေးရုံကြီးငါးရုံ၏တစ်ခန်းအကျယ်မှာ ရှစ်ပေပတ်လည်နှင့် ပုံကျဈေးတစ်ခန်းအကျယ် အလျား ခြောက်ပေ၊ အနံ ခုနစ်ပေရှိသည်။ ဆိုင်ခန်းလခပေးဆောင်ရန်မလိုဘဲ နေ့ချင်းဈေးခွန် အနည်းငယ်ပေးဆောင်ခြင်းဖြင့်သာ ရောင်းချနိုင်သဖြင့် ရောင်းချသူများအတွက် ပိုမိုအဆင်ပြေစေသည်။ ဈေးဆိုင်ခန်းများကို မဲစနစ်ဖြင့် အခမဲ့နေရာချပေးထားသောကြောင့် ရောင်းချသူများ ကုန်ကျစရိတ်သက်သာသဖြင့် ဈေးနှုန်းချိုသာစွာ ပြန်လည်ရောင်းချပေးနိုင်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းတို့ပေါင်းစပ်ညှိနှိုင်းပြီး ဈေးဖွင့်ချိန်ကို ည ၁၂ နာရီမှ စတင်၍ဖွင့်လှစ်ပေးပြီး ညနေ ၅ နာရီအထိရောင်းချနိုင်ကြောင်း သိရသည်။ Lockdownအချိန်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို လုံခြုံရေးအထူးကြပ်မတ် ဆောင်ရွက်ပေးထားကြောင်း၊ ကုန်စိမ်း၊ သစ်သီးဝလံ၊ ပန်းမန်၊ စားသုံးကုန်၊ လူသုံးကုန်နှင့် သားငါးများ စသည့်ဒေသထွက်ကုန်များကို အဓိကထား၍ လက်လီလက်ကားအရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း၊ အုတ်တွင်းမြို့နယ်စည်ပင်သာယာနယ်နိမိတ်၌ အုတ်တွင်း၊ ကျွဲပွဲ၊ ညောင်ခြေထောက်၊ ကျောင်းရှစ်ဆယ် စသည့်ဒေသကြီးလေးခုပါဝင်ပြီး ကနဦးအနေဖြင့် ယင်းဒေသကြီး လေးခု စားဝတ်နေရေးဖူလုံစေရန်နှင့် နောင် အနယ်နယ်အရပ်ရပ်သို့ ဒေသထွက်ကုန်များကို ဖြန့်ဖြူးရောင်းချနိုင်ရန် ရည်ရွယ်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ယုက ပြောသည်။




**အေမင်းရည်စော(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၈-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၁၅** တရုတ်ကာတွန်း 'ပန်းနုဂါးမိုးလေတံတား' (အပိုင်း-၅)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** 'ဂီတစာဆိုငမောင်ကြေးမုံ့အမှတ်တရ' တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု(ပွဲစဉ်-၁)
**၁၁:၄၅** အသိပညာနှင့်အမှန်တရား
**၁၃:၃၀** MRTV National News
**၁၃:၅၅** မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'တွေးရခက်ကြီး' (ဖိုးပါကြီး၊ ခင်လေးဆွေ)
**၁၆:၃၅** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ 'စွဲလမ်းခြင်း၏စည်း'
**၁၆:၄၅** Sports Diary
**၁၇:၂၀** ခံတွင်းမြိန်စရာသူ့လက်ရာ 'တပ်ကုန်းမြို့က ငှက်ပျောဖူးထမင်းချဉ်သုပ်'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၂၅** ဆေးရောင်စုံရုပ်ရှင် 'ပယ်ပင်းကြီးပ' (သုမောင်၊ ဝါဝါဝင်းရွှေ၊ မြင့်မြင့်ခင်)

**mitv**

**07:01** Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
**07:10** Great Shwedagon - The Architectural Heritage
**07:38** Myanmar Traditional Food: Mohinga
**08:01** Mahavihara: From Forest Monastery to Dhamma-Vinnya University
**08:34** Today Myanmar
**08:44** Aesthetic Painting on Pathein Umbrella
**09:01** News
**09:26** Global Partnership for Brighter Future: Albania Pavilion at Expo 2020 Dubai
**09:33** Never Too Late to Learn
**09:51** Listening Pleasure, Instrumental Music (Banjo) Yangon Thu
**10:01** Myanmar Puppet
**10:07** Weekly Review

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)
**ချင်း (လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
လည်ပတ်ချင်စရာ ချပ်ကျေးရွာ(အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၁)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းမုန့်တီချက်နည်း
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
နေကြာစိုက်ပျိုးခြင်း(အပိုင်း-၁)
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အာလူးထောင်းကြော်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာ မာလာဖူးသုပ်
**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၁)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ထီလာပုဂံ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၁၅** လူငယ်ရေးရာအစီအစဉ်
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း(တိုက်ကြီး)
**၀၇:၄၅** ချိုမြိန်သောဘဝများရဲ့နှင်းဆီ
**၀၈:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၂၅** အမေရိကန်နိုင်ငံ၏ အဆင့်မြင့်ရေသွင်းနည်းပညာ
**၀၉:၄၅** လုပငဝေစည်ရှမ်းတို့ပြည်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အောက်စ်ဖို့ဆရာတော် သီပေါမြို့ရှိ ပေါ်ကြိုဘုရားကြီးအား ဖူးမြော်၊ ပရိယတ္တိသင်ရိုးညွှန်းတမ်းများ ရှင်းလင်းဆွေးနွေး



**သီပေါ ဩဂုတ် ၂၀**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အောက်စ်ဖို့ ဆရာတော် ဒေါက်တာအရှင် ဓမ္မသာမိ ဆရာတော်ကြီးသည် ယနေ့နံနက်ပိုင်းက သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်း သမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီ တော်မြတ်ကြီးသို့ ကြွရောက် ဖူးမြော်ကြည်ညိုတော်မူရာ ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့က ဘုရားကြီးမုခ်လေး လေးမုခ်၌ ကိန်းဝပ်စံပယ်တော်မူသော ရတနာရန်အောင်၊ ရတနာမာန်အောင်၊ ရတနာညဏ်အောင်နှင့် ရတနာစျာန်အောင် မြတ်ဘုရားလေးဆူတို့၏ ရုပ်ပွားတော်များကို ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်၏ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်သို့ ကြွရောက်တော်မူပြီး သံဃာတော်များနှင့် ရှင်သာမဏေများတွေ့ဆုံပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် အောက်စ်ဖို့ ဆရာတော်ကြီးက နိုင်ငံတကာ၏ ပရိယတ္တိ သင်ရိုးညွှန်းတမ်းများ၊ ရှမ်းပြည်နယ်အတွင်း ပရိယတ္တိ သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် မျိုးဆက်သစ် ရဟန်းသာမဏေကျော်များ ပေါ်ထွန်းလာရေးဆိုင်ရာ ကိစ္စရပ်များ အပြန်အလှန် ဆွေးနွေးကြပြီး ကြွရောက်လာကြသည့် ရဟန်းသာမဏေများက သိရှိလိုသည်များ မေးမြန်းလျှောက်ထားသည်။

အဆိုပါ ပါမောက္ခချုပ် အောက်စ်ဖို့ ဆရာတော်ကြီးအား မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ရဟန်းသာမဏေ အပါး ၁၅၀ နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ဥပဏ္ဍာက အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀- ၈ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် ၂၀၅၄၀၀၇ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် ၂၀၅၃၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၇၅၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၇၅၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၆၅ ကျပ် | ၂၈၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၄၀ ကျပ် | ၂၈၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၅၅ ကျပ် | ၂၄၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၄၀ ကျပ် | ၂၄၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၁၈ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၉၀၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၉ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၉ . ၁၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၈ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၁၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၆၉၀၀ | ၄၁၃ | ၂၈၅၆၉၀၀ |
| MTSH | ၂၄၅၀ | ၂၅၀၀ | ၁၅၀၄ | ၃၇၂၄၇၅၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၄၈ | ၃၃၁၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၃၀၀ | ၂၃၅၀ | ၈၄၆ | ၁၉၄၆၃၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## တရုတ်ဝယ်လိုအားကြောင့် မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တစ်ပိဿာ ကျပ်ကိုးသောင်းအထိ ဈေးကောင်းရနေ

မန္တလေး ဩဂုတ် ၂၀

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်း၌ မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များကို တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားကောင်းမွန်နေမှုကြောင့် ဈေးနှုန်းများမြင့်တက်ကာ တစ်ပိဿာ ကျပ် ၉၀၀၀၀ အထိ ရရှိနေကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရသည်။

မြန်မာထွက်ကုန် ဆီးသီးများမှာ ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ထိုင်ဝမ်ဆီးသီးဟူ၍ သုံးမျိုးရှိကြောင်း၊ ယခုဆီးဆန်များကို ဆီးချဉ်သီးမှ သာကြိတ်ခွဲပြီးထုတ်လုပ်ရရှိကြောင်း၊ ထိုဆီးဆန်များသည် ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ဈေးသာ ရရှိခဲ့ရာမှ ယခု ဩဂုတ်လတတိယပတ်တွင် ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀၀ အထိ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။





"အခုနှစ် ဆီးသီးရာသီမှာ ဆီးသီးမှ ကြိတ်ခွဲထုတ်လုပ်လိုက်တဲ့ ဆီးဆန်တွေကို တရုတ်ပြည်ဝယ်လိုအားကြောင့် စံချိန်တင်မြင့်တက်နေတယ်။ ဆီးဆန်က မြန်မာပြည်ဈေးကွက်အတွင်းမှာ အသုံးဝင်မှု အသုံးချမှု ရှိတယ်လို့ မတွေ့ရပါဘူး။ ဒီဆီးဆန်တွေကို တရုတ်ပြည်ဈေးကွက်မှာ ဆေးဝါးထုတ်လုပ်တယ်လို့ကြားသိရပါတယ်။ ဒါကြောင့် တစ်ကြိမ်တစ်ခါမှမကြုံဖူးတဲ့ အံ့ဖွယ်ဈေးတွေ ရရှိနေပါတယ်။ ဈေးကွက်မှာ ကုလားပဲတစ်တင်းကို ငွေကျပ် ဖ၀၀၀၀၊ နှမ်းတစ်တင်းကို ငွေကျပ် ၈၀၀၀၀ ဈေးရှိပေမယ့် ဆီးဆန်တစ်ပိဿာကို ၉၀၀၀၀ ဈေးဖြစ်နေတာကြောင့် မြန်မာထွက်ကုန်ထဲမှာ ထိပ်တန်းရောက်နေတဲ့ ပိုကုန်ပစ္စည်းတစ်ခု ဖြစ်လာပါတယ်။ အခုလို ဈေးကောင်းရတဲ့အပြင် အသေးစားစက်မှုလုပ်ငန်းတွေလည်း လည်ပတ်နေရတဲ့အတွက် လုပ်သားတွေလည်း အလုပ်အကိုင်တွေရရှိကြပါတယ်။ ဒီလို ဈေးကောင်းနေတာကြောင့် ဆီးချဉ်သီးပင်ဟာ အလေ့ကျပေါက်တာကနေ အခင်းပြောင်စိုက်ကြဖို့ အကြံပြုပြောချင်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဆီးချဉ်သီးသည် နွေဦးရာသီမှ စပေါ်လေ့ရှိပြီး တစ်နှစ်မှ တစ်ခါသာပေါ်သည့် သီးနှံဖြစ်ကြောင်း၊ ယင်းဆီးချဉ်ပင်သည် သဲဆန်သောမြေများနှင့် ပူအိုက်သောရာသီကို ကြိုက်နှစ်သက်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ အများဆုံးတွေ့မြင်ရကြောင်း၊ ရေနံချောင်း၊ ချောက်၊ မလှိုင်၊ တောင်သာ၊ မိတ္ထီလာစသည့် မြို့များရှိဆီးခွဲစက်အသီးသီး၌ ကြိတ်ခွဲမှုများ ပြုလုပ်ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၅၂၈၁၇ ဧကနှင့် အခြားသီးနှံမျိုးစုံ ၄၈၇၁၇ ဧက စိုက်ပျိုးသွားမည်

ကျောက်ဆည် ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီအတွင်း ဆည်ရေသောက်၊ မိုးကောင်းသောက်၊ မြေအောက်ရေများဖြင့် မိုးစပါးသီးနှံ ၅၂၈၁၇ ဧကနှင့် အခြားသီးနှံမျိုးစုံ ၄၈၇၁၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မိုးစပါး ၅၂၈၁၇ ဧကနှင့် မြေပဲသီးနှံ ဧက ၂၈၀၊ နှမ်းသီးနှံ ၄၀၅၇ ဧက၊ နေကြာသီးနှံ ၃၁၉၇ ဧက၊ ပဲတီစိမ်း ၁၅၆၃ ဧက၊ ပဲစင်းငုံ ၁၆၉၁ ဧက၊ အခြားပဲမျိုးစုံ ၆၀၉၄ ဧက၊ နှံစားပြောင်း ၃၄၄၄ ဧက၊ ဖူးစားပြောင်း ၇၆၃ ဧက၊ ဂျုံ ဧက ၁၈၀၀၊ နနွင်း ၉၆၉ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၂၂၁၀၊ ကွဲနွားစာ ၈၀၂၉ ဧက၊ မိုးချည်မျှင်ရှည်ဝါ ဧက ၄၃၄၅၀ စုစုပေါင်း ၄၈၇၁၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုများအောင်မြင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




## နောင်တရားဒေသ၌ ခရမ်းချဉ်သီး ပြန်လည်ဈေးကောင်းရရှိ

နောင်တရား ဩဂုတ် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ ကုန်စိမ်းသီးနှံအဖြစ် စိုက်ပျိုးသည့် ခရမ်းချဉ်သီးများ ဈေးပြန်လည်ကောင်းမွန်လာခြင်းကြောင့် ခရမ်းချဉ်သီးစိုက်တောင်သူများ စီးပွားရေးပြန်လည်အဆင်ပြေလာကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

"အရင်နှစ်က ခရမ်းချဉ်သီးတွေ ဈေးမရှိဘူး။ တစ်ပိဿာ ကျပ် ၅၀ မှ ၁၀၀ လောက်ပဲ ရောင်းရတယ်။ ဒီနှစ်မှာ နှစ်ဦးပိုင်း ဈေးအနည်းငယ်ရှိပြီး မေ၊ ဇွန်၊ ဇူလိုင်လတွေမှာထွက်တဲ့ ခရမ်းချဉ်သီးတွေ ဈေးမရဘူး။ အခုဩဂုတ်လမှာ ထွက်တဲ့ ခရမ်းချဉ်သီးတွေ တစ်ပိဿာကို ကျပ် ၇၀၀ မှ ၉၀၀အထိ ဈေးပြန်ရနေပါပြီ။ စိုက်ပျိုးရေးစရိတ် ကုန်ကျမှုများလာတော့ ကုန်စိမ်းသီးနှံတွေ ဈေးနှုန်းမြင့်မြင့်နဲ့ ပုံမှန် ဈေးနှုန်းလေးရရင်တော့ ကျွန်တော်တို့ စိုက်ပျိုးရေး တောင်သူတွေ ပိုအဆင်ပြေမှာပါ။ ဒါမှမဟုတ် စိုက်ပျိုးရေးစရိတ်ကျသွားအောင် မြေဩဇာတွေ ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူရရင်လည်း အဆင်ပြေပါတယ်" ဟု ခရမ်းချဉ်စိုက် တောင်သူတစ်ဦးက ပြောသည်။

ခရမ်းချဉ်သီးများကို ပျိုးပင်မှအသီးခူးဆွတ်နိုင်သည်အထိ တစ်ဧကလျှင် ကျပ်သိန်း ၂၀ အထိ ကုန်ကျလျက်ရှိပြီး တစ်ဧကလျှင် အိတ် ၂၅၀ ခန့် ထွက်ရှိခြင်းကြောင့် တစ်ဧကလျှင် ကျပ်သိန်း ၅၀ အထိ ရရှိသည်။ ခရမ်းချဉ်သီး အနိမ့်ဆုံးဈေး တစ်ပိဿာ ကျပ် ၃၀၀ ရမှသာ အကျိုးအမြတ် အနည်းငယ်ရရှိမည်ဖြစ်ပြီး ယခုပေါက်ဈေး ကျပ် ၇၀၀မှ ၉၀၀ အထိ ရရှိနေသည့်အတွက် ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



အဆိုပါ ကုန်စိမ်းသီးနှံများကို အောင်ပန်း ကုန်စည်ဒိုင်နှင့် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

**ခွန်အောင်(နောင်တရား)**

## သံတောင်ကြီးဒေသထွက် တောင်ယာဂရုတ်သီးများ ဈေးကောင်းရရှိ

သံတောင်ကြီး ဩဂုတ် ၂၀

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်၌ ဒေသခံ ပြည်သူများသည် အသက်မွေးမှုအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ မိမိတို့၏ မြေလွတ်မြေရိုင်းများ၌ တောင်ယာများခုတ်ကာ နှစ်ရှည်ပင်သီးနှံများဖြစ်သည့် ကွမ်းပင်၊ ဒူးရင်း၊ မင်းကွတ်၊ ဖာလာ၊ ကော်ဖီ၊ တည်းစသည့် နှစ်ရှည်ပင်များနှင့် အတူ နှစ်တိုပင်သီးနှံဖြစ်သည့် ငရုတ်ပင်များကိုလည်း ကြားညှပ် စိုက်ပျိုးကြသည်။

တောင်ယာငရုတ်သီးများသည် ယခုဩဂုတ်လပထမပတ်မှစ၍ အသီးများရင့်မှည့်ကာ ခူးဆွတ်ရောင်းချလျက်ရှိပြီး ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ကျပ် ၁၀၀၀၀ အထိရရှိကြောင်း သိရသည်။ တောင်ယာငရုတ်သီးများကို မြို့ပေါ်တွင်သာ ရောင်းချကြပြီး ဈေးကောင်းရရှိသည့်အတွက် မိသားစုအပိုဝင်ငွေရရှိကာ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

**စောမင်းသား**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အစေ့ထုတ်ပြောင်းများ အောင်မြင်ဖြစ်ထွန်း

ဟိုပုံး ဩဂုတ် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အစေ့ထုတ်ပြောင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဟိုပုံးမြို့နယ်၌ စိုက်ပျိုးနိုင်သော ဧရိယာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး စပါးစိုက်ဧရိယာ ၃၀ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ၃၅ ရာခိုင်နှုန်းနှင့် အခြားနှစ်ရှည်သီးနှံဖြစ်သည့် ထောပတ်၊ ကော်ဖီ၊ သနပ်ဖက်၊ ဟင်းသီးဟင်းရွက်၊ ချင်း၊ နနွင်းသီးနှံ ၃၅ ရာခိုင်နှုန်း စိုက်ပျိုးထားကြောင်း၊ ပြောင်းမျိုးများဖြစ်သည့် CP 808၊ NK 621/625၊ 5059၊ ရွှေမြေ 10 တို့ကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အတိုင်း စိုက်ပျိုးထားရှိကြောင်း၊ အစေ့ထုတ်ပြောင်းတစ်ဧကလျှင် ပိဿာ ၁၀၀၀ မှ ၁၅၀၀ အထိ ထွက်ရှိနိုင်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးသည့် နည်းစနစ်များကို စနစ်တကျလိုက်နာကျင့်သုံးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းထံမှ သိရသည်။ ဟိုပုံးမြို့နယ်၌ သီးနှံစိုက်ပျိုးမှုတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှု ရာခိုင်နှုန်းအများဆုံးဖြစ်ပြီး မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် လိုအပ်သည့် အသိပညာနှင့် စိုက်ပျိုးနည်းပညာဆွေးနွေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာများအရောက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အစေ့ထုတ်ပြောင်းကို ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၂ အုပ်စု၌ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မြိတ်ဒေသ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တိုင်းဒေသကြီးအစိုးရက စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်စက်ကြီးများ မတည်ပေးမည်



မြိတ် ဩဂုတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း လာမည့် စပါးရိတ်သိမ်းရာသီနှင့် စိုက်ပျိုးရာသီတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က စပါးရိတ်သိမ်းခြွေလှေ့စက်များနှင့် ထွန်စက်ကြီးများကို မတည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ စိုက်ပျိုးပညာပေးစင်တာ၌ ဩဂုတ် ၁၉ ရက်က မိုးစပါးနှင့်နွေစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးခြင်းနှင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်မည့် တောင်သူများအား စိုက်ပျိုးစရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် ပြောကြားခြင်းဖြစ်သည်။

“ယခုနှစ် စပါးရိတ်သိမ်းရာသီမှာ တောင်သူတွေလိုအပ်နေတဲ့ စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးတွေ မတည်ပေးပြီး လာမယ့် စပါးစိုက်ပျိုးရာသီမှာ လယ်ယာမြေပြုပြင်တာနဲ့ လယ်ယာထွန်ယက်ရာမှာ အသုံးပြုဖို့ ထွန်စက်ကြီးတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က မတည်ပြီး ဝယ်ယူဆောင်ရွက်ပေးပါမယ်။ ဒါ့အပြင် လယ်ယာမြေအတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက်လည်း ချောင်းကော၊ မြောင်းကောတွေကို ပြုပြင်ဆောင်ရွက်ပေးပါမယ်။ တောင်သူတွေရဲ့ မိုးစပါး၊ နွေစပါးစိုက်ပျိုးရာသီမှာ စိုက်ပျိုးစရိတ်၊ မျိုးစပါးများကို ထောက်ပံ့ပေးနေသလို တောင်သူတွေအနေနဲ့ ဒေသအတွင်း ဝမ်းစာဖူလုံမှုရှိစေဖို့၊ စပါးအထွက်တိုးစေဖို့ စပါးမျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ကြစေလိုပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ဒေသဝမ်းစာဖူလုံမှု ရာနှုန်းပြည့် ရရှိစေရန်အတွက် စပါးတစ်ဧက အထွက်နှုန်းတိုးတက်မြင့်မားရန် လိုအပ်နေသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဒီနေ့ မြိတ်မြို့နယ်အတွင်း မိုးစပါးနဲ့ နွေစပါးစိုက်တောင်သူတွေကို ယူရီးယားဓာတ်မြေသြဇာတွေ ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဖြူး ရောင်းချပေးတဲ့အပြင် အဆင့်မြင့်လယ်ယာမြေ ၂၀၂ ဒသမ ၂၇ ဧက ဖော်ထုတ်မယ့်တောင်သူ ၄၉ ဦးကိုလည်း ယူရီးယားဓာတ်မြေသြဇာတွေ ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဖြူးရောင်းချပေးခြင်း၊ မျိုးစေ့ဖိုးတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ တမန်းနှီးအပင်ပြုစုထိန်းသိမ်းခ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၊ စုစုပေါင်းစိုက်ပျိုးစရိတ် ငွေကျပ် ၂၀၀၀၀ ခန့် ထောက်ပံ့ခြင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ တောင်သူတွေအနေနဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အရပ်ရပ်ကို မြေပြင်မှာ မျက်မြင်လေ့လာတွေ့ရှိပြီး လိုက်နာဆောင်ရွက်ခြင်းကြောင့် မိမိတို့တစ်ဦးချင်း စိုက်ရေိယာမှ အထွက်နှုန်းတိုးမြင့်လာမှာ ဖြစ်သလို ဒေသအတွင်း စပါးအထွက် တိုးတက်လာပြီး ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူပြုစေမှာဖြစ်ပါတယ်” ဟုလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

တနင်္သာရီတိုင်း ဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံမှုမှာ ၇၀ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိပြီး စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၇၀ ဒသမ ၂၉ တင်း ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် လက်ရှိ တစ်ရာသီတစ်သီး စိုက်ပျိုးနေမှုမှ ရေရရှိနိုင်မှုအပေါ်မူတည်ပြီး နှစ်သီးစိုက်ဧရိယာ၊ သုံးသီးစိုက်ဧရိယာများ ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားပြီး ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်သည်။

**မြင့်ဦး(မြိတ်)**

## တောင်ငူမြို့နယ်၌ ငှက်ပျောစိုက်ပျိုးသူ နည်းပါးပြီး ဝယ်လိုအားများပြားလျက်ရှိ

တောင်ငူ ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်း သီးမွှေးငှက်ပျောပင် စီးပွားဖြစ်စိုက်ပျိုးသူ နည်းပါးနေသဖြင့် ဈေးကွက်ဝယ်လိုအား များပြားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

“ဈေးကွက်အနေအထားကတော့ ကျွန်တော်တို့ဒေသမှာ ငှက်ပျောစိုက်တဲ့လူ နည်းပါသေးတယ်။ ဒါ့ကြောင့် ကိုယ့်ဒေသတွင်းမှာတင် ရောင်းလို့ကုန်နေတယ်။ ဈေးကွက်မှာ ဝယ်လိုအားရှိပြီး ဈေးကွက်အခက်အခဲကတော့မရှိဘူး။ ထွက်တဲ့ကုန်နဲ့ ဝယ်လိုအားက မျှပါတယ်။ များများစားစား စိုက်သူလည်း မရှိသေးလို့ပါ။ စိုက်ပျိုးနည်းစနစ်ကို သေချာနားလည်ပြီး ထပ်မံတိုးချဲ့ စိုက်ပျိုးသူတွေ လိုအပ်နေပါတယ်”ဟု တောင်ငူမြို့ မှ သီးမွှေးငှက်ပျော စီးပွားဖြစ်စိုက်ပျိုးသူ ကိုအောင်လွင်ဦးက ပြောသည်။

အဆိုပါဒေသ ဈေးကွက်အတွင်း သီးမွှေးငှက်ပျောအလုံးသေး တစ်ဖီးလျှင်ငွေကျပ် ၃၇၀၀ ဝန်းကျင်၊ သီးမွှေးငှက်ပျောအလုံးကြီးမျိုး တစ်ဖီးလျှင်ငွေကျပ် ၁၀၀၀ ဝန်းကျင် ပေါက်ဈေးရရှိနေကြောင်း သိရသည်။

“ဆယ်ပေပတ်လည် ပင်ကြားတန်းကြားထားပြီး စိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို ပင်ရေ ၄၃၀ ဝန်းကျင် ဝင်ဆံ့ပါတယ်။ ပထမဆုံး စစိုက်တုန်းကတော့ ကျောက်ဆည်ကနေ မျိုးကိုယူစိုက်ပါတယ်။ အခုနောက်ပိုင်းတော့ ကိုယ့်ခြံထဲကနေပဲ မျိုးပွားယူပါတယ်။ ငှက်ပျောစိုက်မယ်ဆိုရင် ငှက်ပျောခြံရဲ့ပတ်ဝန်းကျင်မှာ မန်ကျည်း၊ မလေးရှားပိတောက်၊ သရက်တို့လို လေကာပင်တွေ စိုက်ထားသင့်ပါတယ်။ မျိုးရွေးချယ်ဝယ်တဲ့အခါ ကိုယ်ဝယ်မယ့်ခြံက မျိုးသန့်မသန့်၊ အသီးကောင်းမကောင်း သေချာသွားကြည့်ပြီးမှ ဝယ်ယူသင့်ပါတယ်”ဟု ၎င်းက ပြောသည်။

ငှက်ပျောပင်သည် သဲနုန်းမြေအမျိုးအစားကို ကြိုက်နှစ်သက်ပြီး ဓာတုမြေသြဇာအသုံးပြုခြင်းထက်၊ သဘာဝမြေသြဇာများ၊ ဇီဝမြေသြဇာများကို ပိုမိုအသုံးပြုပေးသင့်ပြီး ပိုးသတ်ဆေးနှင့်မှိုသတ်ဆေးများကိုမူ အပင်အခြေအနေနှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ သုံးပေးသင့်ကြောင်း သိရသည်။

သီးမွှေးငှက်ပျော တစ်ဧကစိုက်ပျိုးစရိတ်မှာ ပျမ်းမျှကျပ် ၁၀ သိန်းဝန်းကျင် ကုန်ကျနိုင်ပြီး ယခုနှစ်ပိုင်းများတွင် စိုက်ပျိုးရေးသွင်းအားစုစရိတ်၊ ကုန်ကျစရိတ်များ အစစမြင့်တက်နေခြင်းကြောင့် တိုးချဲ့စိုက်ပျိုးမှု နည်းပါးခြင်းဖြစ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ဈေးကောင်းရရှိနေသော ဟင်းခတ်အမွှေးအကြိုင် ကယားမက်ခါသီး

မက်ခါသီးသည် ကယားလူမျိုးစု၏မရှိမဖြစ် အသုံးပြုသည့် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုး ဖြစ်သည်။ မက်ခါသီးကို ကယားပြည်နယ်၏ ကယားလူမျိုးများ အများစုနေထိုင်ရာ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါး၊ ဒေါရောက်ခူ၊ ဖရူဆိုမြို့နယ်ရှိ ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။

မက်ခါသီးကို ဒေသအလိုက်အခေါ်အဝေါ်များရှိပြီး မြန်မာအခေါ် (သီဟရာဇ)၊ ကချင်အခေါ် (ဂျင်ဗောင်ဂလ)၊ ကယားအခေါ်(မက်ခါသီး)၊ တရုတ်အခေါ် (ချွမ်းဝှားကျောင်း) စသည့် အမျိုးမျိုးခေါ်ဝေါ်ကြသည်။ တရုတ်ပြည်မကြီး ချွမ်းဒေသလူမျိုးများက မက်ခါသီးကို အကြော်အနှပ်၊ အသားကင်များတွင် မပါမဖြစ် ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးစွဲကြသည်။ မက်ခါသီးသည် တစ်နှစ်လျှင် ခြောက်လတစ်ကြိမ်သီးပြီး မိုးရာသီတွင် အသီးစသီး၍ အောက်တိုဘာလတွင် ရင့်မှည့်ပြီး ရင့်မှည့်သည့် မက်ခါသီးများကိုခူး၍ အခြောက်လှန်းပြီး အသီးများခြောက်သွေ့သွားလျှင် အမှုန့်ပြုလုပ်၍ ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။

မက်ခါသီးအစိမ်းကို အသားများ၊ အူများ အညှီနံ့ပျောက်စေရန် ထည့်ပြုတ်ခြင်းဖြင့် သားငါးအညှီနံ့ပျောက်စေသည်။ မက်ခါသီးအရသာမှာ ငရုတ်ကောင်းနှင့်ဆင်တူ၍ လျှာကိုထုံပြီး ပူရှိန်းစေကာ ငရုတ်ကောင်းထက် ပို၍ပူသောကြောင့် တိုင်းရင်းသားလူမျိုးများ ဒေသဟင်းခတ်အမွှေးအကြိုင်အဖြစ် နှစ်ခြိုက်စွာ သုံးစွဲကြပါသည်။

ကယား/ ကယန်းလူမျိုးများက မက်ခါသီးကို ဟင်းချက်ရာတွင်လည်းကောင်း၊ ရိုးရာ ကယား/ ကယန်းဆန်ပြုတ်၊ ကယား/ကယန်းဝက်အူချောင်း၊ ကယားတာလပေါ့ဟင်း၊ ပဲပုပ်ထောင်း၊ အသားဟင်းများတွင် မက်ခါသီးမှုန့်ထည့်ခြင်းဖြင့်လည်းကောင်း အသုံးပြုကြကာ အသားအရသာ ပိုကောင်းမွန်ပြီး အညှီနံ့လည်း ပျောက်စေသဖြင့် မက်ခါသီးမှာ ရိုးရာဟင်းလျာတို့၏ အဓိကကျသော အသီးတစ်မျိုးဖြစ်သည်။



မက်ခါသီးအမှည့်များကို အခြောက်လှန်းနေစဉ်။

ဈေးကွက်တွင်လည်း မက်ခါသီး အသီးအစို၊ အခြောက်၊ အမှုန့်များ ဈေးကောင်းနေပြီး လက်ရှိတွင် မက်ခါသီးခြောက် နို့ဆီဘူးတစ်လုံးလျှင်ငွေကျပ် ၂၅၀၀၊ ၇၀ ဂရမ် မက်ခါသီးအမှုန့်တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀ ဈေးများဖြင့် ရောင်းချလျက်ရှိသည်။ ယခင်နှစ်က မက်ခါသီးခြောက် နို့ဆီဘူးတစ်လုံးလျှင်ငွေကျပ် ၁၅၀၀၊ ၇၀ ဂရမ် မက်ခါသီးအမှုန့် တစ်ဘူးလျှင်ငွေကျပ် ၁၀၀၀ သာ ရှိခဲ့သဖြင့် ယခင်နှစ်ထက် ဈေးနှုန်းလည်း ပိုရလာသောကြောင့် ကယားပြည်နယ်အတွင်းမှ မက်ခါသီးစိုက်ပျိုးသူများအနေဖြင့် မက်ခါသီးကို ဒေသထွက်ကုန်အဖြစ် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ခင်မြို့(ကယား)**

## ကချင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံစေရေး ဆီထွက်သီးနှံဧက တစ်သိန်းကျော် စိုက်ပျိုးရန်လျာထား

မြစ်ကြီးနား ဩဂုတ် ၂၀

ကချင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံစေရေး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံဧက ၁၁၅၀၀၀ ကျော် စိုက်ပျိုးရန်လျာထားခဲ့ရာ မိုးသီးနှံအဖြစ် ဧက ၂၉၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်လွင်ဦးထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးသည့် ဒေသခံတောင်သူများအား မျိုးကောင်း မျိုးသန့်ရရှိရေးနှင့် မြေသြဇာများ ကူညီထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို ဒေသအလိုက် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆီမုန်ညင်း၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် နေကြာတို့ကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ယခုနှစ်နောက်ပိုင်းတွင် နှစ်အလိုက် ဆီထွက်နှုန်းကောင်းပြီး ကုန်ကျစရိတ်သက်သာသည့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ယော်ဆောင်(ပြန်/ဆက်)**

# စင်စင်နတီအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ပြိုင်ဘက်ကိုရှုံးနိမ့်ပြီး ရာဒူကာနူ ထွက်ခွာခဲ့ရ



စင်စင်နတီအိုးပင်း တင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် နာမည်ကျော်ဗြိတိန် တင်းနစ်မယ် အမ်မာ ရာဒူကာနူသည် နိုင်ခြေ အဆင့် (၇) ရှိ အမေရိကန် တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရာဒူကာနူသည် ပြိုင်ဘက်ကို ၇-၅၊ ၆-၄ ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရာဒူကာနူသည် ၆၄ ဦးအဆင့်နှင့် ၃၂ ဦးအဆင့်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဆီရီနာဝီလျံနှင့် အဇာရင်ကာတို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း ၁၆ ဦးအဆင့်တွင် ပြိုင်ဘက်ကို ရှုံးနိမ့်ကာ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ထို့အပြင် နာမည်ကျော် ကမ္ဘာ့နံပါတ်တစ် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်သည်လည်း အဆိုပါအဆင့်တွင် ပြိုင်ဘက်ကို ၆-၃၊ ၆-၄ ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ ဆွီယာတက်ခ်၏ ယခုပွဲစဉ် ရှုံးနိမ့်မှုသည် ၃၇ ပွဲဆက်နိုင်ပွဲရရှိပြီးနောက် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ရှစ်ပွဲတွင် လေးပွဲအထိ ရှုံးပွဲရှိလာခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ဂါစီယာ၊ ကေဗီတိုဗာ၊ စဘယ်လင်ကာတို့ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

# ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ကက်စမဲရိုးကို ခေါ်ယူရန် မန်ယူ သဘောတူညီမှုရရှိပြီ



ကစားသမားသစ်များ ခေါ်ယူရန် လုပ်ဆောင်လျက်ရှိသော မန်ယူအသင်းသည် ယခုအခါတွင် ရီးရဲမက်ဒရစ်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ကက်စမဲရိုးကို ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်းနှင့် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၃၀ အရွယ်ရှိ ကက်စမဲရိုးသည် ၂၀၁၃ ခုနှစ်ကတည်းက လက်ရှိအချိန်အထိ ရီးရဲမက်ဒရစ် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၃၆ ပွဲ ပါဝင်ကစားထားပြီး ၃၁ ဂိုးသွင်းယူပေးထားသည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ လာလီဂါဖလား သုံးကြိမ်နှင့် ချန်ပီယံလိဂ်ဖလားကို ငါးကြိမ်အထိ ဆွတ်ခူးရရှိထားသည်။

ကက်စမဲရိုးအတွက် ကနဦးပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြစ်ပြီး အပိုဆုကြေး ပေါင် ၁၀ သန်း ပါဝင်သည်။ မန်ယူအသင်းသည် အဆိုပါ ကွင်းလယ်ကစားသမားကို လေးနှစ် စာချုပ်ချုပ်ဆိုသွားဖွယ်ရှိကြောင်း သိရသည်။


မန်ယူအသင်းသည် ပရီမီယာလိဂ် နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံးရှုံးနိမ့်ထားပြီး အမှတ်ပေးဇယားအောက်ဆုံးရောက်နေသည့် အသင်းဖြစ်သည်။ ထို့အပြင် မန်ယူအသင်းသည် ဩဂုတ် ၂၂ ရက်တွင် နာမည်ကြီး လီဗာပူးအသင်းနှင့် ပရီမီယာလိဂ် ပွဲစဉ် (၃) ကို ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## စပါးကွင်းလယ်ကစားသမား အင်ဒွန်ဘီလီ နာပိုလီအသင်းသို့ အငှားပြောင်းရွှေ့

စပါးအသင်းမှ ကွင်းလယ်ကစားသမား အင်ဒွန်ဘီလီသည် အမြဲတမ်းဝယ်ယူခွင့်နှင့်အတူ နာပိုလီအသင်းသို့ အငှားပြောင်းရွှေ့သွားပြီဖြစ်သည်။ အင်ဒွန်ဘီလီသည် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် လိုင်ယွန်အသင်းမှ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၃ ဒသမ ၈ သန်းဖြင့် စပါးအသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ၉၁ ပွဲ ပါဝင်ကစားထားပြီး ၁၀ ဂိုးသွင်းယူပေးထားသူ ဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် အင်ဒွန်ဘီလီသည် ပြီးခဲ့သည့်ရာသီ ဒုတိယနှစ်ဝက်တွင် အသင်းဟောင်း လိုင်ယွန်အသင်း၌ အငှားကစားခဲ့ပြီး ပြိုင်ပွဲစုံ ၁၅ ပွဲတွင် တစ်ဂိုးသွင်းယူထားနိုင်ကြောင်း သိရသည်။ စီးရီးအေကလပ် နာပိုလီအသင်းသည် အဆိုပါ ကစားသမားအတွက် အငှားပြောင်းရွှေ့ကြေး ပေါင် ၈၅၀၀၀၀ ပေးရကြောင်း သိရသည်။

နာပိုလီအသင်းသည် စီးရီးအေပွဲစဉ် (၁) တွင် ပြိုင်ဘက် ဗီရိုနာကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။



## ကွင်းလယ်ကစားသမားမော်ဂန်ဂစ်ကို နော်တင်ဟန် ခေါ်ယူ

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဝုဖ်အသင်းမှ မော်ဂန်ဂစ်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၂ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂစ်သည် နော်တင်ဟမ်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် နော်တင်ဟမ်အသင်း၏ ယခုနှစ်ရာသီ ၁၆ ဦးမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။

## နောက်ဆုံးရသတင်းတိုများ

- မန်ယူအသင်းသည် ချယ်ဆီးအသင်းမှ အမေရိကန်တိုက်စစ် ကစားသမား ပူလီဆစ် (၂၃နှစ်) ကို တစ်ရာသီအငှားခေါ်ယူရန် စိတ်ဝင်စားနေသည်။ အခြားသတင်းရင်းမြစ်တစ်ခုတွင် ဖီးလစ် (၂၂နှစ်) အတွက် မန်ယူအသင်း၏ ပေါင်သန်း ၁၁၀ ကမ်းလှမ်းမှုကို အက်သလက်တီကိုမက်ဒရစ်အသင်းဘက်က ပယ်ချလိုက်ကြောင်း သိရသည်။
- စပါးအသင်းသည် အတ္တလန်တာအသင်းမှ အသက် ၂၉ နှစ်အရွယ် ယူကရိန်းကွင်းလယ်ကစားသမား မာလင်နော့ဗ်စကီးကို ခေါ်ယူလိုနေသည်။
- ဆောက်သမ်တန်နှင့် ကာဆယ်အသင်းတို့သည် ဘင်ဖီကာ တိုက်စစ်ကစားသမား ဂွန်ကာလို ရာမို့စ် (၂၁နှစ်) ကို ခေါ်ယူလိုနေသည်။
- စပို့တင်းအသင်းက စီရော်နယ်ဒို (၃၇နှစ်)ကို ခေါ်ယူလိုနေသည်။

## ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒီတိုနေဝီလ်ဒါ နှစ်ကုန်ပိုင်းတွင် ကြိုးဝိုင်းတွင်းသို့ ပြန်လာမည်

ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒီတိုနေဝီလ်ဒါသည် စက်တင်ဘာလတွင် တိုင်ဆန်ဖျူရီကို ရှုံးနိမ့်ပြီးနောက် ယခုနှစ်နှောင်းပိုင်း၌ ပထမဆုံး အကြိမ်အဖြစ် ကြိုးဝိုင်းအတွင်းသို့ ပြန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်လက်ဝှေ့ကျော် ဝီလ်ဒါသည် အောက်တိုဘာ ၁၅ ရက်တွင် ဖင်လန်လက်ဝှေ့ကျော် ရော်ဘတ် ဟီလင်းနိစ်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၆ နှစ်အရွယ် ဝီလ်ဒါသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဒဗလျူဘီစီဟဲဗီးဝိတ်ပြိုင်ပွဲ၌ ပြိုင်ဘက် တိုင်ဆန်ဖျူရီကို ၁၁ ချီမြောက်တွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဝီလ်ဒါက ကြိုးဝိုင်းတွင်းသို့ ပြန်လာခြင်းနှင့်ပတ်သက်ပြီး မွေးရပ်မြေတွင် ၎င်း၏ ရုပ်တုထုလုပ် ဂုဏ်ပြုခံရပြီးနောက် လူတွေရောက်ရှိလာပြီး ၎င်းနဲ့အတူ အောင်ပွဲခံတာကို တွေ့လိုက်ရခြင်းက ကြိုးဝိုင်းတွင်း ပြန်လာဖို့ ဖြစ်တည်လာခြင်းဖြစ်ကြောင်း ပြောသည်။

ဝီလ်ဒါသည် လက်ဝှေ့လောကတွင် စုစုပေါင်း ၄၅ ပွဲ ထိုးသတ်ထားပြီး ၄၂ ပွဲ နိုင်၊ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးနိမ့်ထားသည်။ အဆိုပါနိုင်ပွဲရရှိထားသည့် ၄၂ ပွဲတွင် ၄၁ ပွဲသည် ပြိုင်ဘက်ကို အလဲထိုးဖြင့် အနိုင်ရရှိထားခြင်း ဖြစ်ကြောင်း သိရသည်။



## ဝက်စ်ဟမ်းအတွက် ပထမဆုံးဂိုး စကမ်မက်ကာ သွင်းယူ



တိုက်စစ်ကစားသမားသစ် စကမ်မက်ကာသည် ဝက်စ်ဟမ်းအသင်းက ဒိန်းမတ်ကလပ်ဗီဘော့အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ကွန်ဖရင့်လိဂ်ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွင် အသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်တွင် ဆက်ဆူအိုလိုအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

## နူနက်စ်ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဝုဖ် ခေါ်ယူ

ဝုဖ်အသင်းသည် စပို့တင်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား နူနက်စ်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၈ သန်းနှင့်အတူ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ အဆိုပါကစားသမားကို ဥရောပကလပ်အသင်းအများအပြားက ခေါ်ယူလိုနေသော်လည်း ဝုဖ်အသင်းက လက်ဦးမှုရယူကာ အသင်းသို့ ခေါ်ယူနိုင်ခဲ့သည်။ အဆိုပါ ပြောင်းရွှေ့ကြေး ပမာဏသည် ၂၀၂၀ ပြည့်နှစ်က ဖေဘီယိုဆေးဗားလ်ကို ခေါ်ယူရာတွင် ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၃၅ ဒသမ ၆ သန်းကို ကျော်လွန်ခဲ့ခြင်း ဖြစ်သည်။



■ မိုးဇက် - စုစည်းသည်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်နေ ကျော်သူဝင်း (ခ) ကျော်ကြီးသည် ၎င်းအသုံးပြုသည့် “Kyaw Gyi” Facebook အကောင့်၊ မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာနေ ဇော်ခိုင်သည် ၎င်းအသုံးပြုသည့် “Zaw Khaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကော့ကရိတ်မြို့နယ်အတွင်း ကော့ကရိတ် - မြဝတီသွား အာရှလမ်းသစ်ပေါ်တွင် ၁၀ ဘီးမော်တော်ယာဉ် တစ်စီးအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၊ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၏ အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ကော့ကရိတ်-မြဝတီသွား အာရှလမ်းသစ်၌ ဩဂုတ် ၁၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် အိမ်ဆောက်ကြွေပြားများ တင်ဆောင်ပြီး မြဝတီမြို့မှ မော်လမြိုင်မြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာ သည့် NISSAN အမျိုးအစား ၁၀ ဘီးမော်တော်ယာဉ် တစ်စီးအား လမ်း၏ တောင်ဘက် မီတာ ၂၀၀ ခန့်အကွာမှ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ရပ်တန့်စေပြီး မော်တော်ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။



ကော့ကရိတ် – မြဝတီသွားအာရှလမ်းမကြီးတွင် ၁၀ ဘီး မော်တော်ယာဉ်တစ်စီး ပစ်ခတ်မီးရှို့ခံရမှုကို တွေ့ရစဉ်။

အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး လက်နက်ငယ် ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး မော်တော်ယာဉ်မှာ မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် အမျိုးသားတစ်ဦးကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အဆိုပါအကြမ်းဖက်အဖွဲ့များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်း တိုက်ခိုက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ကော့ကရိတ်–မြဝတီသွားအာရှလမ်းမကြီးတွင် ယာဉ်ပစ်ခတ်မီးရှို့ခံရသည့် ဖြစ်စဉ်နေရာပြပုံ။





Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကိုရင်နှင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

■ *ကျောဖုံးမှ*

စာသင်ကြားလျက်ရှိနေသော ကျောင်းသား သုံးဦး၊ ကိုရင်တစ်ပါးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပွင့်ဖြူမြို့နယ်၌ ရောဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ပွင့်ဖြူ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ကျေးလက်နေ ပြည်သူများ သဘာဝရေပြင် မြစ်ချောင်းများတွင် ငါးများ ပိုမိုဖမ်းယူစားသုံးနိုင်ရေးအတွက် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအနီး၌ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက နှစ်လက်မ အရွယ် ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ သုံးသိန်းအား ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်တာဝန်ခံ/ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန မှူး ဦးသိန်းကိုကိုထွန်းနှင့် ဝန်ထမ်းများ၊ ပွင့်ဖြူငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများနှင့် မိဘပြည်သူများက နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းအား ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။

(ဍ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၃၇၃)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၅**

ဦးမြင့်ဟန် လျှောက်ထားသူ

ကော့ဒွန်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နေ ဦးမြင့်ဟန်က ကွယ်လွန်သူ ဒေါ်အေးမိ၏သား ဖြစ်သည်ဟူ၍ ကော့ဒွန်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နေ ၎င်းကွယ်လွန်သူ ဒေါ်အေးမိ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်အေးမိကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် ဩဂုတ် ၂၅ရက်(၁၃၈၄ခုနှစ် ဝါခေါင်လကွယ်နေ့)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးမြင့်ဟန် ၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့် သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်**

**၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၆**

ဒေါ်ဆွေဇင်မြင့် လျှောက်ထားသူ

အမှတ်-မရှိ၊ ပြည်တော်သာ(၂)လမ်း၊ ပြည်တော်သာရပ်ကွက်၊ ကော့မှူးမြို့နေ ဒေါ်ဆွေဇင်မြင့်က ကွယ်လွန်သူ ဒေါ်အမာချို၏သမီး ဖြစ်သည်ဟူ၍ အမှတ်-မရှိ၊ပြည်တော်သာ(၂)လမ်း၊ ပြည်တော်သာရပ်ကွက်၊ ကော့မှူးမြို့နေ ၎င်းကွယ်လွန်သူ ဒေါ်အမာချို ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်အမာချို ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ်၊ဩဂုတ် ၂၅ရက် (၁၃၈၄ခုနှစ် ဝါခေါင်လကွယ်နေ့)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ဆွေဇင်မြင့်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဩဂုတ်လ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီရွာ၊ ဧကရာဇ်လမ်း၊ ကွင်းအမှတ်(၆၆၆)၊ ဦးပိုင်အမှတ်(၂၂)၊ မြေကွက်အမှတ်(၁၆၅/၅၄၄)၊ မြေဧရိယာ ၁ဒသမ ၅၆ ဧကအတွင်းမှ ပေ(၆၀x၄၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သူ ဦးနေဟိန်း ၁၄/မမန(နိုင်)၁၅၃၃၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ မည်သူမဆို လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိသူဇာ(LL.B,DBL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၆၁)
ရတနာလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၂၄၉၄၃၉၉၀၊၀၉-၄၂၁၉၅၂၃၅၇

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ မေခလမ်း၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၇၇/ဈ)၊ မြေယာအမှတ်(20/242)၊ မြေဧရိယာ ၀ဒသမ ၄၅ ဧကရှိ မြွက်ဟစာချုပ်အမှတ်(၃၃၅/၂၀၁၉)အရ ၁။ ဒေါ်ငွေရီ(ခ) မကြည် ၂။ မောင်ဘရန်မိုင် တို့တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားသော ဂရန်မြေကွက်မှ ခွဲ၍ အကွက်အမှတ်(B-2)၊ အကျယ်အဝန်း မြေဧရိယာ ၀ဒသမ ၀၅၆ ဧကရှိ မြေအား ဦးအာကာလင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါကခိုင်လုံသောအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားအရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်မြဖြူဖြူမင်း(စဉ်-၄၀၁၉၄) | ဦးကောင်းထက်(စဉ်-၄၆၈၃၄) |
| (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |
| ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ | ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့ |
| ဖုန်း-၀၉-၅၀၉၃၃၃၀ | ဖုန်း-၀၉-၉၈၃၀၄၇၈၆၃ |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်တွင် လူနေအိမ်ရာအဖြစ် အသုံးပြုရန်အတွက် ဒေါ်စောသင်မှ ၎င်းအမည်ဖြင့် မြေငှားဂ ရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်း အထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁) လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| | လျှောက်ထားသူ၏ | | လျှောက်ထားသည့် | | | | |
|---|---|---|---|---|---|---|---|
| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ရပ်ကွက်/ကျေးရွာ | ဦးပိုင်အမှတ်အုပ်စု | အကွက်အမှတ်အမည် | မြေဧရိယာ | မှတ်ချက် |
| ၁ | ဒေါ်စောသင် | ၃/ဘအန(နိုင်)၀၂၇၇၁၉ | အမှတ်(၄)ရပ်ကွက် | ၈/၁ | ၃၈၊ ရဲသိပ္ပံကျောင်းအကွက် | (၀.၃၁၂)ဧက | |

ကော်လိတ္တော်အရာရှိ၊
ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ဘားအံမြို့

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၄ နှင့် ဆက်နွယ်သည့်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၂၄၇**

| | | |
|---|---|---|
| ဒေါ်အေးငုဝါ | နှင့် | ၁။ ဒေါ်မိုးမိုးကျော်<br>၂။ ဒေါ်တင်ချို |
| တရားနိုင် | | တရားရှုံးများ |

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ် ၁၁နေ ဒေါ်မိုးမိုးကျော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသီရိ(၁)လမ်း၊ အမှတ်၄၉၄နေဒေါ်တင်ချို (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် -၄၇၄/၂၀၂၂တွင် ၂၈-၇-၂၀၂၂ရက်က ချမှတ်ထားခဲ့သော အမိန့်ဒီကရီကို အတည်ပြုဆောင်ရွက်ပေးရန် ဤရုံးတော်သို့ တရားနိုင် ဒေါ်အေးငုဝါက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့် အမိန့်ရရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက်(၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောအောင်ထူး)
ဒုတိယခရိုင်တရားသူကြီး(၉)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်း၁လမ်း၊(၁၀၁-F)နေ ဦးဝင်းမင်းဦး ၉/ ပဥလ(နိုင်)၀၂၁၃၈စသည် ၂၆-၁၁-၂၀၁၄ရက်တွင် ဒေါ်ခင်မိုးသော် ၆/မအရ(နိုင်)၀၉၆၃၂၈ ထံမှ B-806၊ မုဒိတာ အိမ်ရာ(၁)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းဟုခေါ်တွင်သော တိုက်ခန်းအား ငွေကျပ် ၁၅၄ သိန်းဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ အထက်ပါတိုက်ခန်း၏စည်းကမ်းနှင့် တာဝန်ဝတ္တရားများ စာအုပ်နှင့်အမည်ပြောင်း ပုံစံစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တော်ဝင်ကုမ္ပဏီသို့ ဦးဝင်းမင်းဦးမှ မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားခဲ့သည့်အတွက် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဖြိုးဝေကြိုင် | ဒေါ်သီတာကြိုင် |
| LL.B,D.B.L,D.I.L,D.M.L,B.D.S | (LL.B,D.B.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၇၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၆၂) |
| ဖုန်း-၀၉-၂၆၀၀၁၀၇၅၅ | ဖုန်း-၀၉-၇၉၇၅၄၉၄၃၂ |

အမှတ် ၅၆၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ GEMS-2, GEMS Condominum၊ (၆-လွှာ)၊ အမှတ်(၁၁၃)၊ တိုက်အမှတ်(၀၆-၀၆)၊ RC(၂၁)ထပ်တိုက်အဆောက်အအုံ၏ ဧရိယာ(၈၉၇)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒို တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ရွှေလှ ၉/မရမ(နိုင်) ၀၅၃၇၇၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးရာဇာထွန်း ၁၂/ဥကတ(နိုင်) ၁၅၈၈၆၆က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက် အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရာဇာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၈/ ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၉၄၂)၊ အကျယ်အဝန်း(၈၀x၈၀)ပေ၊ ဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေဌာနတွင် ဦးခင်မောင်ကြည် (ဘ)ဦးထွန်းဝင်း ၁၂/ကတတ(နိုင်)၀၁၁၄၀၁ အမည်ဖြင့် အမည်ပေါက်ထားပြီး အဆိုပါအမည်ပေါက်သူထံမှ ဒေါ်မြင့်မြင့်ညွှန့်(ဘ) ဦးမောင်ငွေ ၁၂/သဃက(နိုင်)၀၀၈၀၇၈က ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများ၏ အနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ၎င်းအိမ်ဝိုင်းခြံမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မင်း
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၀၄၀)၊ ၁၇လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်
ပျဉ်းမနားမြို့နယ်၊ ဖုန်း-၀၉-၄၂၀၇၁၈၄၄၂

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၅၉၀)နေ ဦးသန်းထိုက် အောင် ၁၂/ဒဂရ(နိုင်) ၀၀၁၃၁၃နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပန်းခြံကျောင်းလမ်း၊ အမှတ်(၁၄)နေ ဒေါ်စုမြတ်ဖြိုးမြင့် ၁၂/ ထတပ(နိုင်) ၀၇၃၇၆၆တို့သည် (၄-၁၁-၂၀၁၁)ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၁၄-၈-၂၀၂၂)ရက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထိုက်အောင်နှင့် ဒေါ်စုမြတ်ဖြိုးမြင့် တို့သည်တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထိုက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ- ဦးသိန်းဇော်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၁၇၁၆)(၃၀-၁၂-၁၉၉၈)**
**အမှတ်(၆၂၁)၊ သန္တာ(၄)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၉၉၀၆၅၆၆၇**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်မြို့သစ်ရပ်ကွက်၊ (၃၂)လမ်း၊ အကွက်အမှတ်(၈၂)၊ အလျား(၈၀)၊ အနံ (၆၀)ပေ ၊ ဧရိယာ(၀ဒသမ ၁၁၀)ဧက အကျယ်အဝန်းသည် အရှေ့လားသော်-၃၂-လမ်း(၈၄)၊ အနောက် လားသော်-ပေ(၄၀)လမ်း၊ တောင်လားသော်-၃၃-လမ်း(၈၁)၊ မြောက်လားသော်(၃၂)လမ်း ၎င်းနယ်လေးရပ်အတွင်း တည်ရှိသည့် မြေကွက်သည် ၁၉၉၇ခုနှစ်မှစတင်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဗိုလ်ကြီး စိုးအောင် ၅/ဖပန(နိုင်) ၀၃၉၁၂၆လက်ထိလက်ရောက် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် စာရွက်စာတမ်းအထောက်အထားများလိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ (၅-၉-၂၀၂၂)ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါဝင်းခြံမြေကို ဥပဒေနှင့် အညီ တရားဝင်ပိုင်ဆိုင်ခွင့် ရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဗိုလ်ကြီးစိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းနွယ်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၇၂၂)**
**သလ္လာ(၉)သာစည်လမ်း၊ မုံရွာမြို့၊**
**ဖုန်း-၀၉-၉၇၇၃၄၃၄၉၅၊ ၀၉-၄၀၀၄၆၆၃၉၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၅၉၀နေ ဦးသန်း ထိုက်အောင် ၁၂/ဒဂရ(နိုင်)၀၀၁၃၁၃နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပန်းခြံကျောင်းလမ်း၊ အမှတ် ၁၄နေ ဒေါ်စုမြတ်ဖြိုးမြင့် ၁၂/ထတပ(နိုင်)၀၇၃၇၆၆ တို့သည် ၄-၁၁-၂၀၁၁ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၄-၈-၂၀၂၂ရက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမြတ်ဖြိုးမြင့်နှင့် ဦးသန်းထိုက်အောင် တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုမြတ်ဖြိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမြင့်(LL.B,DBL)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၇)(၅-၁၂-၂၀၁၉)**
**အမှတ် (၀၀၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၈၁၂၉၄၉၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(သကမ-၁၊ တိုးချဲ့)၊ စိန်သရဖူလမ်းမကြီး၊ မြေကွက်အမှတ်(၆၄၉)၊ မြေအကျယ်(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မိုးဝင်း ၁၀/သဖရ(နိုင်) ၁၂၁၄၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်မြင့် ၈/စလန(နိုင်) ၁၂၄၆၅မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ညိုမာထွေး(စဉ်-၁၄၆၇၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၉၄၀၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်းသွယ်၊ (၁)လမ်း၊ အမှတ် ၆၅၀၊ (၁)ခန်းတွဲ(၃)ထပ်တိုက်၏ အခန်းအမှတ်(အေ-၂) ပထမထပ်နှင့် ၎င်းတိုက်ခန်းပေါ်ရှိ ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး တစ်ဆင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးချို ၁၀/သထန(နိုင်)၀၀၆၈၉၃ ထံ မှ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးဇော်မင်းနိုင် | ဒေါ်သက်ဆုရည် |
| LL.B,DL-101 Wipo(Switzerland) | ဥပဒေဘွဲ့(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၈/၁၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃/၁၇) |
| ဖုန်း-၀၉-၄၂၅၁ ၆၈၉၃၂ | ဖုန်း-၀၉-၄၂၁၀၂၄၈၈၆ |

ရုံး၊ အမှတ် ၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်နေ ဒေါ်ကြည်ကြည်စိန် ၉/မခန(နိုင်) ၀၁၃၂၄၆၏သား မောင်မျိုးမင်းသူ ၉/မခန(နိုင်) ၂၄၃၉၂၆သည် မိခင်၏ ပြောဆိုဆုံးမမှုများကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင် မောင်မျိုးမင်းသူနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်မောင်ညွှန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၆၈)**
**အမှတ်(၃၉၆/၅)ရပ်ကွက်၊ (၇)လမ်း၊ မြင်းခြံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၆၁၆၇, Honda Dream 125 M ယာဉ်လက်ဝယ်ရှိသူဦးညွန့်လွင် ၅/မမတ(နိုင်)၁၁၆၃၂၀က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6949, MITSU-BISHI CENTER FE 71CB ,DUMP TRUCK ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာအေး ၆/ရဖန(နိုင်)၀၂၇၃၈၂က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/4987 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် R/5592 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အလက(ခွဲ)ကလွင် Grade-7မှ မချိုဆက်ပိုင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရဦးဝင်းအောင် ၆/ကစန(နိုင်)၁၅၀၃၇၄ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4R/7050 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/61444, Honda C90 Custom CM ယာဉ်လက်ဝယ်ရှိသူ ဦးဘိုလေး ၈/ပခက(နိုင်)၁၉၇၀၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ ဦးအောင်ဝင်းကြည် ၁၂/ လမန(နိုင်)၀၁၄၄၅၃(ဘ) ဦးခင်သောင်းအမည်ပေါက် ပါမစ်မြေကွက်အမှတ်ပ-၃၃၅၄၆ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီး ဖြစ်သူ ဒေါ်ခင်မာချို ၁၂/တမန(နိုင်) ၀၅၄၄၈၈(ဘ)ဦးအောင်ငွေမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးအောင်ဝင်းကြည် သေဆုံးခြင်းလက်မှတ်မိတ္တူ၊မြေကွက်ပေါ်ရှိအဆောက်အအုံပုံများ တင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနသည် နမ့်ပန်ရေအားလျှပ်စစ်စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-

(က) နမ့်ပန်ရေအားလျှပ်စစ်စီမံကိန်းအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်း
(Tender No.14/DHPI(P&W)/2022-2023)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ ကိုဗစ် -၁၉ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield) များဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ကာလ** | - | ၂၂-၈-၂၀၂၂ရက်မှ ၉-၉-၂၀၂၂ရက်ထိ (အစိုးရရုံးပိတ်ရက်များမပါ) |
| **တင်ဒါပုံစံ ရောင်းချမည့်အချိန်** | - | ရုံးဖွင့်ရက် နံနက် ၁၀နာရီ ညနေ ၃နာရီအတွင်း |
| **တင်ဒါပုံစံ ရောင်းချမည့်နေရာ** | - | ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက် အချိန်/နေရာ** | - | ၂၃-၁၂-၂၀၂၂ရက် မွန်းလွဲ ၁နာရီ၊ ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် -၉၃

ဒေါ်သီတာခိုင် **နှင့်** ဦးပန်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၀)ရပ်ကွက်၊ အမှတ်(အ-၇/၉၁)နေ ဦးပန် (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာခိုင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ရက် (၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀ )
## ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၅

Triple "A" Cement International Co.,Ltd (ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးနေမျိုးရွှေ၊ ၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးစည်သူထွန်း) **နှင့်** Myanmar Essential World Construction & Trading Co.,Ltd (ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်ခိုင်ခိုင်မင်း)
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ အမှတ်(၁၉၂)နေ တရားပြိုင် Myanmar Essential World Construction & Trading Co.,Ltd (ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်ခိုင်ခိုင်မင်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို Triple "A" Cement International Co.,Ltd (ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာဦးနေမျိုးရွှေ၊ ၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးစည်သူထွန်း)က အသင့်ဖျော်စပ်ပြီး ကွန်ကရစ်ဖိုးပေးရန်ကျန်ငွေကျပ် ၂၁၆၃၄၀၀/- နှင့် နစ်နာကြေးငွေကျပ်၁၈၃၆၆၀၀/-၊ စုစုပေါင်းငွေ-၄၀၀၀၀၀၀/-(ငွေကျပ်သိန်းလေးဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ၁၉ရက် (၁၃၈၄ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရီရီနိုင်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/68892Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/သလန(နိုင်)၀၀၉၈၂၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

# (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
# ဒေါ်စန်းစန်းရီ
# ၂၁-၈-၂၀၁၂ မှ ၂၁-၈-၂၀၂၂

ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းစန်းရီ ကွယ်လွန်ခဲ့တာ ယနေ့ ၂၁-၈-၂၀၂၂ရက်မှာ (၁၀)နှစ်ပြည့်သွားပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ မိခင်ကြီးအား ရည်စူး၍ လစဉ်တိုင်း၊ နှစ်စဉ်တိုင်းမှာ ကုသိုလ်ကောင်းမှုများကို ပြုလုပ်အမျှပေးဝေခဲ့ပါတယ်။ ယနေ့ ၂၁-၈-၂၀၂၂ရက်မှာလည်း မိခင်ကြီး ကွယ်လွန်ခြင်း(၁၀)နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ရှိ စာသင်သား သံဃာတော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ ယပ်၊ စာရေးကိရိယာများ၊ ဆေးဝါးများနှင့် တစ်ခါသုံးနှာခေါင်းစည်းများ၊ အားသွင်းမီးလုံးများ၊ အာဟာရဖြစ်ဖွယ် စားစရာများလှူဒါန်းခြင်းတို့ကို ပြုလုပ်အမျှပေးဝေခဲ့ပါတယ်။ စိတ်သဘောထားကောင်းမွန်လှတဲ့အမေ မြင့်မြတ်တဲ့ ဘုံဘဝမှာ ကုသိုလ်ကောင်းမှုအစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။

**အမေ့ကိုချစ်သော သားသမီးများနှင့်**
**ဘွားဘွားကြီးကိုချစ်သော မြေးများ**

## ပွဲရုံအဆောက်အအုံအမြန်ရောင်းမည်

အင်းစိန်မြို့နယ်၊ တညင်းကုန်းလက္ကားဈေးကြီး (တညင်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက္ကားဈေးကြီး)၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်၊ (၃)ထပ်ခွဲ တစ်ခြမ်းရောင်းမည်။

စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃**

## ဟိုတယ်အဆင့်မီ တိုက်နှင့်မြေကွက်အမြန်ရောင်းမည်

၁။ ပြင်ဦးလွင်၊ အောင်ချမ်းသာ၊ မန္တလေး-လားရှိုးလမ်းမကြီးမေးတင် အတက်လမ်းပေ(၉၀'x၉၂')အာစီနှစ်ထပ်တိုက်၊ ဂရန်ရှိ ၊ရေ၊ မီး၊ အစုံ ၊ ဆိုင်ခန်း၊ ဟိုတယ်၊ တည်းခိုခန်းဖွင့်ရန် အလွန်ကောင်း အဆင့်မြင့်ပစ္စည်းစုံပါရှိပြီး။

၂။ ပေ(၅၀'x၁၃၅') မန္တလေး-လားရှိုးလမ်းမကြီး၊ မေးတင်အဆင်းလမ်း၊ ပြင်ဦးလွင်၊ အောင်ချမ်းသာ၊ ဂရန်ရှိ။

စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများအမြန်ဆက်သွယ်ပါ။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9264 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဒါရိုက်တာအဖွဲ့ဝင်အသစ်ခန့်အပ်ကြောင်း အများသိစေရန်

ကျွန်ုပ်တို့ Early Dawn Microfinance Company Limited သည် Chief Operating Officer ဖြစ်သူ ဒေါ်ခင်သီတာအား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်တွင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အသစ်အဖြစ် ခန့်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Early Dawn Microfinance Company Limited**

## ရန်(၅)မြေနှင့်အဆောက်အဦ အမြန်ရောင်းမည်

၁။အသေးစား၊အလတ်စား၊စက်ရုံ၊အလုပ်ရုံ၊ဂိုဒေါင်၊လူနေရန်အလွန်ကောင်း လှိုင်သာယာ ၊ ဂန္ဓဝင်လမ်း နှင့် ရွှေဝါ(၃)လမ်းထောင့် ၊ပေ(၆၀)ပတ်လည်၊ ဂရန်မြေ၊ နှစ်ထပ်အာစီ၊၄၄၀ပါဝါမီတာ၊ သိန်း(၄၅၀၀)

၂။ကြည့်မြင်တိုင်၊ဗိုလ်သူရလမ်း၊၃လွှာ၊(၃၂×၄၀)ပေ၊ သိန်း(၁၃၀၀)

**Ph:09-5035926 ၊09-459090951၊09-791011983**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ဃ/၄၃၅၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးစောအောင်သိန်းဝင်း ၁၀/ပမန(နိုင်)၂၀၁၇၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ခွာညိုလမ်း၊ မြေကွက်အမှတ် (၆၃၃)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးသက်နိုင်ဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ထားရှိပြီး မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ယခုရောင်းချသူ ဦးသက်နိုင်ဝင်း ၁၂/ဗတထ(နိုင်)၀၁၀၀၀၆ မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်လှမြတ်ကျော် (LL.B)၊ (စဉ်-၁၀၆၈၈)** **ဒေါ်လှဲ့လှဲ့မော်(LL.B)၊ (စဉ်-၅၀၆၁၇)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**တိုက်အမှတ် (၂၇၄)၊ အခန်းအမှတ် (၁)၊ ရန်ကင်းလမ်း၊**
**(၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၂၃၅၆၆၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/58008 Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ မောင်တင်မိုးလင်း ၅/စကန(နိုင်)၂၈၀၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဝဏ္ဏကျော်စွာလမ်းသွယ်(၁)၊ အမှတ်(၁၄/၁၀၁)နေ ဦးဆွမ်ခိုထန်း(ဇနီး) ဒေါ်ခင်ဝင်းကြည်(ကွယ်လွန်)သူ (၂)ဦး၏ အမည်ပေါက် မြေချပါမစ်(မူရင်း)အား တရားဝင်သားသမီးများဖြစ်သော ဦးခင်မောင်လတ် ၁၂/ဒဂန(နိုင်)၀၀၆၂၄၉ နှင့် ဦးကျော်ကျော်လတ် ၁၂/ဒဂန(နိုင်)၀၀၁၅၄၀တို့မှ မြေချပါမစ်(မူရင်း) ထုတ်ယူခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ်**
**ဦးကျော်ကျော်လတ်**
**ဖုန်း-၀၉-၆၈၇၅၅၆၉၂၆၊**
**၀၉-၇၆၄၂၈၃၇၃၇**

## မွေးသက္ကရာဇ်မှန်

ဦးထွန်းလှအောင်၏သမီး မိုင်းဖြတ်မြို့နယ်၊ ကွက်သစ်ရပ်ကွက်တွင် နေထိုင်သူ မဖြိုးဖြိုးစံ ၁၃/မဖန(နိုင်) ၀၃၃၀၇၁၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၉-၂၀၀၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6513 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်1I/7318 Toyota Hiace KDH 222 Mini Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဒွေး ၇/ကတန(နိုင်)၀၄၂၀၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်40W/29474 Yinanbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းမောင် ၉/အမရ(နိုင်)၀၈၆၄၄၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/13523 Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၉/ခမစ(နိုင်)၀၁၂၁၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/82222 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/3898၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4788 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

**စာအုပ်စာပေ**
**လှူမိတ်ဆွေ**

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကို ကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေမှာ ဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၀

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❑

## PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားလျက်ရှိသည့် ကျောင်းသား သုံးဦးနှင့် ကိုရင်တစ်ပါးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကံကြီးကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့က Drone ယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားလျက်ရှိသည့် ကျောင်းသား သုံးဦးနှင့် ကိုရင်တစ်ပါးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကံကြီးကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone ယာဉ်တွင် ဗုံးသီးချိတ်ဆွဲကာ တိုက်ခိုက်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းဆောင်အတွင်း

*စာမျက်နှာ ၂၃ ကော်လံ ၁* ■

**ယနေ့ သတင်းအညွှန်း**

အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၅၀၀၀ နီးပါးရှိလာ

နိုင်ငံတကာသတင်း စာ - ၁၃

ဩဂုတ် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦး တွေ့ရှိ

ပြည်တွင်းသတင်း စာ - ၁၅

ဈေးကောင်းရရှိနေသော ဟင်းခတ်အမွှေးအကြိုင် ကယားမက်ခါသီး



စိုက်၊ မွေး၊ စီးပွား စာ - ၂၁

## နောက်ကျဂိုးဖြင့် ရှမ်းယူနိုက်တက်၏ နိုင်ပွဲဆက်မှုကို ဟံသာဝတီအသင်း ရပ်တန့်

ရန်ကုန် ဩဂုတ် ၂၀

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ပထမနေ့အဖြစ် ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဩဂုတ် ၂၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၁)မှ (၈)အထိ ရှစ်ပွဲဆက်တိုက် အနိုင်ရပြီး ရာသီဝက် ချန်ပီယံအဖြစ် ရပ်တန့်နိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ နောက်ဆုံးပွဲမှ နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရသော်လည်း ကိုးပွဲဆက်တိုက် ရှုံးပွဲမရှိသေးဘဲ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုရာသီတွင်

*စာမျက်နှာ ၈ ကော်လံ ၅* ●




ဟံသာဝတီနှင့် ရှမ်းယူနိုက်တက်တို့ ယှဉ်ပြိုင်စဉ်။